# မြို့ပြ
# လုပ်ငန်းစဉ်
# အသစ်

Translation accuracy is not guaranteed nor implied. If any questions arise related to the accuracy of the information contained in the translation, please refer to the New Urban Agenda document endorsed by the General Assembly (A/RES/71/256*) which is the official version of the document. Any discrepancies or differences created in the translation are not binding and have no legal effect for compliance or enforcement purposes.

---

Translation in Myanmar is done by Department of Urban and Housing Development, Ministry of Construction, Republic of the Union of Myanmar with the support from UN-Habitat.

# မြို့ပြလုပ်ငန်းစဉ်အသစ်

HABITAT III

QUITO 17-20 OCTOBER 2016

United Nations Conference on Housing and Sustainable Urban Development

United Nations

# မြို့ပြလုပ်ငန်းစဉ်အသစ်

အားလုံးအတွက် အခြေချနေထိုင်မှုနှင့် ရေရှည်တိုးတက်နိုင်သည့် မြို့တော်များဆိုင်ရာ ကီတိုကြေညာချက်

(၁) အီကွေဒေါနိုင်ငံ၊ ကီတိုမြို့တွင် (၂၀၁၆)ခုနှစ်၊ အောက်တိုဘာ(၁၇) မှ (၂၀)အထိ ကျင်းပခဲ့သည့် အိုးအိမ်နှင့် မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကုလသမဂ္ဂညီလာခံတွင် နိုင်ငံတော်အကြီးအကဲများ၊ ဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်နယ်နှင့်တိုင်းအစိုးရများ၊ ပါလီမန်အမတ်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ တသီးပုဂ္ဂလ တက်ရောက်သူများနှင့် ဒေသတွင်းလူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍများမှ တာဝန်ရှိသူများ၊ ကဏ္ဍအသီးသီးမှ ကျွမ်းကျင် ပညာရှင်များ၊ သိပ္ပံနှင့် ပညာရေး အဖွဲ့များနှင့် အခြားသောသက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စုပေါင်း၍ မြို့ပြလုပ်ငန်းစဉ် အသစ်တစ်ရပ်ကို ကျင့်သုံးနိုင်ရန်အတွက် စည်းဝေးခဲ့ကြသည်။

(၂) (၂၀၅၀) ခုနှစ်လောက်တွင် ကမ္ဘာ့မြို့ပြလူဦးရေသည် နှစ်ဆခန့် မြင့်တက်လာမည်ဟု ခန့်မှန်းထား သည်။ မြို့ပြဖြစ်တည်မှုသည် (၂၁)ရာစုတွင် အသွင်ကူးပြောင်းမှု အများဆုံးသောလမ်းကြောင်း ဖြစ်လာခဲ့သည်။ လူဦးရေ၊ စီးပွားရေးလုပ်ဆောင်ချက်များ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ဆောင် ချက်များ နှင့် သဘာဝပတ်ဝန်းကျင်နှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သက်ရောက်မှုများသည် မြို့ပြများတွင်အဓိကဖြစ်ပေါ်လာနေသည့်အလျောက် အိုးအိမ်၊ အခြေခံအဆောက်အအုံ၊ အခြေခံ ဝန်ဆောင်မှုများ၊ အစားအစာလုံခြုံမှု၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ကောင်း၊ လုံခြုံမှုနှင့် သဘာဝသယံဇာတများအနေဖြင့် ဆက်လက်ရှင်သန်တိုးတက်နိုင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရမည် ဖြစ်သည်။

(၃) ကုလသမဂ္ဂ အခြေချနေထိုင်မှုဆိုင်ရာညီလာခံများ(ဗန်ကူးဗား၊ ၁၉၇၆)(အစ္စတန်ဘူလ်၊ ၁၉၉၆)နှင့် ထို့နောက်ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ(၂၀၀၀)ကျင်းပခဲ့စဉ်ကတည်းက မြို့ပြနေလူထု သန်းပေါင်းများစွာနှင့် ပျံကျ ရပ်ကွက်များတွင် နေထိုင်သူများစွာတို့၏ ဘဝများတိုးတက်လာခဲ့သည် ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပြီး ဖြစ်သည်။ သို့ရာတွင် ဆင်းရဲမွဲတေမှုအမျိုးမျိုး၊ မညီမျှမှုများနှင့်သဘာဝ ပတ်ဝန်းကျင်ယိုယွင်းလာမှုများမှာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အတားအဆီးများအဖြစ် တည်ရှိနေလျှက်ရှိသည်။ မြို့များနှင့် လူတို့နေထိုင်ရာ နေရာများရှိ လက်တွေ့ဘဝတွင် လူမှုရေးနှင့် စီးပွားရေး တသီးတခြားစီဖြစ်ပြီး နေရာများကွဲပြားကွာခြားနေမှုများသည် မေးခွန်းထုတ်ရန်မလိုဘဲ ပေါ်ပေါက်နေသော အခြင်းအရာများဖြစ်ပါသည်။

(၄) ယခုဖော်ပြခဲ့သည့် အတားအဆီးများနှင့် အခြားသောကျန်ရှိနေသေးသည့် စိန်ခေါ်မှုများကို ကျွန်ုပ်တို့အနေဖြင့် လုံလုံလောက်လောက် ဖြေရှင်းနိုင်ဖို့အရေးမှာ ဝေးနေပါသေးသည်။ ထို့ကြောင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ကာကွယ်မှုနှင့် ရေရှည်တိုးတက်ပြောင်းလဲနိုင်မှု တို့အတွက် မြို့ပြဖြစ်ထွန်းမှုအခွင့် အလမ်းများကို မောင်းနှင်စွမ်းအားအဖြစ်ပြောင်းလဲနိုင်ရန် လိုအပ်နေမှုလည်း ရှိနေသည်။

(၅) မြို့ပြများနှင့်အခြေချနေထိုင်မှုများကို စီစဉ်၊ ဒီဇိုင်းဆွဲ၊ ဘဏ္ဍာငွေထောက်ပံ့၊ တိုးတက်အောင်လုပ်၊ အုပ်ချုပ်၊ စီမံ ထားသည့် နည်းလမ်းများအတိုင်း ပြန်လည်ကိုင်တွယ်ခြင်းအားဖြင့် ဆင်းရဲမွဲတေမှုနှင့် အငတ်ဘေးပေါင်းစုံကို အဆုံးသတ် နိုင်ရန်အတွက် မြို့ပြလုပ်ငန်းစဉ်သစ်က ကူညီပေးနိုင်မည်ဖြစ်ပြီး မညီမျှမှုများကိုလျှော့ချရန်၊ အားလုံးပါဝင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် ယင်းတို့၏အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် အတွက် ကျား/မ အခွင့်အရေး တူညီလာစေရန်နှင့် အမျိုးသမီးထု၏ စွမ်းအားမြင့်မားလာစေရန်၊ လူသားတို့ သက်သာ ချောင်ချိရေးနှင့်

ကျန်းမာရေးကိုမြှင့်တင်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန်နှင့် ပြန်လည်နလန်ထူနိုင်ရန်တို့အတွက်လည်း ဤမြို့ပြလုပ်ငန်းစဉ်သစ်က ကူညီနိုင်မည်ဖြစ်သည်။

(၆) (၂၀၁၅) ထိကာလတစ်လျှောက်တွင် မှတ်တမ်းတင်အောင်မြင်မှုများအားလုံးကို ကျွန်ုပ်တို့အနေဖြင့် ကောင်းစွာ အသိအမှတ်ပြုမှတ်သားထားပြီး ဖြစ်သည်။ အထူးသဖြင့် ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ[1] ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေထောက်ပံ့ခြင်းဆိုင်ရာ တတိယအကြိမ်နိုင်ငံတကာညီလာခံ၏ Addis Ababa Action[2] လုပ်ငန်းစဉ်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂမူဘောင်အရပြုလုပ်သည့်ပါရီသဘောတူညီချက်[3] ၊ (၂၀၁၅-၂၀၃၀)[4] သဘာဝဘေးလျော့ချမှုဆိုင်ရာ ဆန်ဒိုင်းမူဘောင်(၂၀၁၄-၂၀၂၄)[5] ဆယ်စုနှစ်အတွက် ကုန်းတွင်းပိတ်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဗီယင်နာအကောင်အထည်ဖော်ရေးအစီအစဉ်၊ ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံငယ်များ အတွက် အရှိန်မြင့်အကောင်အထည်ဖော်ရေး လမ်းစဉ် (ဆာမိုအာ)[6] နှင့် (၂၀၁၁-၂၀၂၀)[7] ဆယ်စုနှစ်အတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အစ္စတန်ဘူလ်အစီအစဉ် စသည်တို့ ပါဝင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် (၂၀၃၀)လုပ်ငန်းစဉ်များကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်ထားပြီး ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရိုင်ရိုကြေညာချက်[8]၊ ရေရှည်တိုးတက်မှုဆိုင်ရာ နိုင်ငံတကာထိပ်သီးညီလာခံ၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာထိပ်သီးညီလာခံ၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတကာညီလာခံ[9]၊ ဘေဂျင်းပလက်ဖောင်း[10]၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကုလသမဂ္ဂညီလာခံနှင့် ဆက်စပ်ညီလာခံများအားလုံးကိုလည်း သိရှိမှတ်သားထားပြီးဖြစ်ပါသည်။

(၇) နိုင်ငံတကာအစိုးရများကြား ရလဒ်မထွက်ပေါ်ခဲ့သော်လည်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ထိပ်သီးညီလာခံကို (၂၀၁၆)မေလတွင် အစ္စတန်ဘူလ်၌ ကျင်းပခဲ့ကြောင်းကိုလည်း အသိအမှတ်ပြုထားပါသည်။

(၈) မြို့ပြလုပ်ငန်းစဉ်သစ် အဓိပ္ပါယ်ဖွင့်ဆိုမှုတွင် နိုင်ငံတော်၊ ဒေသဆိုင်ရာအစိုးရများနှင့် ဒေသအာဏာပိုင်များ၏ ပါဝင်ကူညီမှုကို အသိအမှတ်ပြုသကဲ့သို့ ပြည်တွင်းနှင့်ဒေသတွင်းအစိုးရများ၏ ဒုတိယအကြိမ်မြောက် နိုင်ငံတကာ အစည်းအဝေးကိုလည်း ကျွန်ုပ်တို့အနေဖြင့် မှတ်တမ်းတင်ပါသည်။

(၉) ကမ္ဘာ့အဆင့်နှင့်ဒေသတွင်း၊ အမျိုးသားအဆင့်၊ တိုင်းဒေသနှင့်သက်ဆိုင်ရာအစိုးရအဆင့်များ၌ ပူးပေါင်းလုပ်ဆောင်ကြသည့်အသွင်ဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ပါဝင်ကူညီမှုနှင့်အတူ

[1] ဆုံးဖြတ်ချက် ၇၀/၁

[2] ဆုံးဖြတ်ချက် ၆၉/၃၁၃

[3] FCCC/CP/2015/10 နောက်တိုး ၁၊ ဆုံးဖြတ်ချက် ၁/စီပီ ၂၁၊ နောက်ဆက်တွဲ

[4] ဆုံးဖြတ်ချက် ၆၉/၂၈၃၊ နောက်ဆက်တွဲ ၂ [5] ဆုံးဖြတ်ချက် ၆၉/၁၃၇၊ နောက်ဆက်တွဲ ၂

[6] ဆုံးဖြတ်ချက် ၆၉/၁၅၊ နောက်ဆက်တွဲ

[7] ၄ကြိမ်မြောက် ကုလသမဂ္ဂညီလာခံ အစီရင်ခံစာ၊ အစ်စတန်ဘူ၊ တူရကီ၊ ၉-၁၃ မေလ ၂၀၁၁ (အေ/ညီလာခံ။၂၁၉/၇)၊ အခန်း ၂

[8] သဘာဝပတ်ဝန်းကျင် နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံ အစီရင်ခံစာ၊ ရီယိုဒီဂျနေးရိုး၊ ၁၄ ဇွန် ၁၉၉၂၊ အတွဲ ၁။ ညီလာခံမှ ချမှတ်သော ဆုံးဖြတ်ချက်၊ (ကုလသမဂ္ဂပုံနှိပ်ထုတ်ဝေခြင်း၊ အရောင်း နံပါတ် အီး ၉၃.အိုင်.၈ နှင့် အမှားပြင်ဆင်ချက်) ဆုံးဖြတ်ချက် ၁၊ နောက်ဆက်တွဲ ၁။

[9] လူဦးရေ နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံ အစီရင်ခံစာ၊ ကိုင်ရို၊ ၅-၁၃ စက်တင်ဘာ ၁၉၉၄ (ကုလသမဂ္ဂပုံနှိပ်ထုတ်ဝေခြင်း၊ အရောင်း နံပါတ် အီး ၉၅.၈.၁၈)၊ အခန်း ၁။ ဆုံးဖြတ်ချက် ၁။ နောက်ဆက်တွဲ

[10] ၄ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးညီလာခံ အစီရင်ခံစာ၊ ဘေဂျင်း၊ ၄-၁၅ စက်တင်ဘာ ၁၉၉၅ (ကုလသမဂ္ဂပုံနှိပ်ထုတ်ဝေခြင်း၊ အရောင်း နံပါတ် အီး ၉၆. IV.၁၃, အခန်း ၁၊ ဆုံးဖြတ်ချက် ၁၊ နောက်ဆက်တွဲ ၂)

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ရေးအတွက် အရေးပါသည့်ခြေလှမ်းတစ်လှမ်းဖြစ်သော ဤ မြို့ပြလုပ်ငန်းစဉ်သစ်သည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာအတိုင်းအတာဖြင့် ပိုင်းဖြတ်လုပ်ဆောင်မှုကို သေချာစေမည်ဖြစ်ပါသည်။ ဤမြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော်ခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက်(၂၀၃၀)လုပ်ငန်းစဉ်ကိုလည်း ဒေသအလိုက် ပေါင်းစပ် အကောင်အထည်ဖော်ရာရောက်သကဲ့သို့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အမှတ်(၁၁)တွင် ပါဝင်သည့်မြို့များနှင့် လူတို့အခြေချနေထိုင်ရာနေရာများအား လုံခြုံအောင်၊ ဘေးဒဏ်ခံနိုင်အောင်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာတွင် အထောက်အပံ့ကောင်း ဖြစ်စေမည်ဖြစ်ပါသည်။

(၁၀) မြို့ပြလုပ်ငန်းစဉ်သစ်အနေဖြင့် ယဉ်ကျေးမှုနှင့်မတူကွဲပြားသည့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များသည် လူသားများကို ပိုမိုအားကောင်းစေပြီး မြို့များနှင့်လူများ အခြေချနေထိုင်ရာနေရာများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အချက်တစ်ချက်ဖြစ်သလို ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကနဦးလုပ်ဆောင်ချက်များတွင် ယင်းမြို့များနှင့် မြို့နေပြည်သူများအား အဓိကအခန်းကဏ္ဍမှ ပါဝင်စေမည်ဖြစ်ပါသည်။ ထို့ပြင် ဤမြို့ပြလုပ်ငန်းစဉ်သစ်သည် သယံဇာတကို တာဝန်သိရှိစွာဖြစ်စေသည့် ထုတ်လုပ်မှုပုံစံများနှင့် သုံးစွဲမှုမြှင့်တင် အကောင်အထည်ဖော်ရာတွင် ကိုယ်ပိုင်ယဉ်ကျေးမှုကို အဓိကထည့်သွင်းစဉ်းစားရပြီး ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးရလဒ်များကိုလည်း ဤလုပ်ငန်းစဉ်သစ်အနေဖြင့် ဖြေရှင်းမည် ဖြစ်ပါသည်။

# ကျွန်ုပ်တို့ဝေမျှသည့်အမြင်

(၁၁) မြို့များသည် အားလုံးအတွက်ဟူသည့် မျှော်မှန်းချက်ကို ကျွန်ုပ်တို့မျှဝေပါသည်။ ဆိုလိုသည်မှာ မြို့တိုင်းနှင့် လူတို့အခြေချနေထိုင်ရာ နေရာတိုင်းကို သာတူညီမျှပျော်ရွှင်စွာ အသုံးပြုနိုင်ခြင်းကို ရည်ညွှန်းပါသည်။ ယင်း မြို့ပြဖြစ်တည်မှုတွင် လူတန်းစားအားလုံးပါဝင်နိုင်မှုကို မြှင့်တင်နိုင်ရန်ကြိုးစားမည်ဖြစ်ပြီး လက်ရှိမျိုးဆက်နှင့် မျိုးဆက်သစ် နေထိုင်သူအားလုံးကို ခွဲခြားမှုတစုံတရာမရှိဘဲ မြို့ပြများတွင် ကျန်းမာလုံခြုံပျော်ရွှင်ပြီး သက်တောင့်သက်သာရှိစွာ နေထိုင်နိုင်ကြရန်အတွက် ရေရှည်အကျိုးဖြစ်ထွန်းမှုနှင့် ဘဝအရည်အသွေး သာတူညီမျှရှိမှုကို ရရှိနိုင်အောင် ကြိုးစားမည်ဖြစ်သည်။ ဥပဒေကြောင်း၊ နိုင်ငံရေးကြေညာချက်များနှင့် ပဋိညာဉ်များအရ "မြို့များ၏ရပိုင်ခွင့်" ဟု ရည်ညွှန်းထားသည့် ဤမျှော်မှန်းချက် ပေါ်ပေါက်လာအောင်ဝိုင်းဝန်းကြိုးစားပေးသည့် သက်ဆိုင်ရာအစိုးရများ၏ အားထုတ်မှုကိုလည်း ကျွန်ုပ်တို့ မှတ်သားထားပါသည်။

(၁၂) နိုင်ငံတကာဥပဒေကို လေးစားလိုက်နာပြီး ကုလသမဂ္ဂပဋိညာဉ်ပါ စည်းမျဉ်းများနှင့် ရည်ရွယ်ချက်များအရ လူသားတိုင်းတူညီသည့် ရပိုင်ခွင့်နှင့်အခွင့်အလမ်းများအပြင် အခြေခံ လွတ်လပ်ခွင့်များကို ခံစားနိုင်သည့် မြို့ပြများနှင့် လူများအခြေချနေထိုင်ရာ နေရာများ ဖြစ်ထွန်းလာရန် ရည်မှန်းပါသည်။ ထို့ကြောင့် မြို့ပြလုပ်ငန်းစဉ်သစ်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း[11]၊ နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များ၊ ထောင်စုနှစ်ကြေညာချက်[12] နှင့် (၂၀၀၅) ကမ္ဘာ့ထိပ်သီး ညီလာခံ

[11] ဆုံးဖြတ်ချက် ၂၁၇ အေ (၃)

[12] ဆုံးဖြတ်ချက် ၅၅/၂


Saw Htee Way Khaing/UN-Habitat ©

ရလဒ်များ[13] အပေါ်တွင် အခြေခံထားခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့် ဆိုင်ရာကြေညာချက်[14] ကဲ့သို့သော စာချုပ်စာတမ်းများမှ အချက်အလက်များကိုလည်း အားပြုထား ပါသည်။

(၁၃) ကျွန်ုပ်တို့အနေဖြင့် မြို့များနှင့်လူတို့အခြေချနေထိုင်ရာနေရာများကို အောက်ပါအတိုင်း ရှုမြင်ပါသည်-

*(က)* လူနေထိုင်မှုအတွက် လိုအပ်ချက်များဖြစ်သည့် လုံလောက်သည့်အိုးအိမ်ရရှိရန်၊ သန့်ရှင်းပြီး ဈေးသင့်သည့် သောက်သုံးရေနှင့် သန့်ရှင်းမှုဆိုင်ရာဝန်ဆောင်မှုများကို ခွဲခြားခြင်းမရှိဘဲ အားလုံးတပြေးညီ ရရှိရန်၊ အစားအစာနှင့်အဟာရ လုံခြုံမှု၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ၊ ရွှေ့ပြောင်းမှုနှင့် ပို့ဆောင်ဆက်သွယ်ရေး၊ စွမ်းအင်၊ လေအရည်အသွေးနှင့် အသက်ရှင်နေထိုင်မှု စသည်တို့ကို အားလုံးရရှိနိုင်ကြစေရန်အတွက် လူမှုရေးလုပ်ငန်းဆောင်တာများနှင့် ဂေဟဗေဒ ဆိုင်ရာ လုပ်ငန်းဆောင်တာများ ပါဝင်သည့် နေထိုင်ရာဒေသများကို ဖြည့်ဆည်းပေးရမည်။

*(ခ)* မြို့များသည် ပူးပေါင်းပါဝင်မှုကို ရရှိဖြစ်ပေါ်စေပြီး ပြည်သူချင်းတွေ့ဆုံမှုကို မြှင့်တင်ပေးသည်၊ နေထိုင်သူများအားလုံး ဤနေရာနှင့်သက်ဆိုင်သည်ဆိုသည့် ခံစားချက်နှင့် ပိုင်ဆိုင်မှုဆန္ဒကို ဖြစ်ပေါ်စေသည်၊ ဘေးကင်းမှုကို ဦးစားပေးခြင်း၊ အားလုံးပါဝင်နိုင်စေခြင်းနှင့် အလွယ်တကူ ရောက်ရှိနိုင်စေခြင်းနှင့် အဆင့်မြင့်သည့် အများပြည်သူအပန်းဖြေရာ စိမ်းလန်းမြေ နေရာလွတ်များကို ဖန်တီးပေးခြင်း၊ မိသားစုများအတွက် နွေးထွေးစေပြီး၊ လူမှုရေးနှင့်မျိုးဆက်များကြားဆက်ဆံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဖွင့်ဆိုချက်များနှင့် နိုင်ငံရေးအရ ပါဝင်ပတ်သက်မှုများကို မြှင့်တင်ပေးသည်၊ လူမှုရေးအရညီညွတ်မှုကို ဖြစ်ပေါ်စေသည်၊ ငြိမ်းချမ်းပြီး ဗဟုဝါဒကျင့်သုံးသည့် (Pluratistic Society) လူ့အဖွဲ့အစည်းများတွင် ဘေးကင်းမှုကို ဖြစ်ပေါ်စေသည်၊ လူတို့၏လိုအင်များကို ပြည့်ဝစေသည်၊ ထိခိုက်လွယ်သည့် အခြေအနေများတွင် အဓိကလိုအပ်ချက်များကို ထင်ရှားစေသည်။

*(ဂ)* ကျား/မ တန်းတူရှိမှုကို ဖြစ်ပေါ်စေသည်၊ ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်နှင့် ခေါင်းဆောင်မှု နယ်ပယ်များတွင် အမျိုးသမီးများအနေဖြင့် တန်းတူအခွင့်အရေးရရှိပြီး ထိရောက်စွာပါဝင်နိုင်အောင် ဖန်တီးပေးသည်၊ အလုပ်အကိုင်ကောင်းများ၊ လုပ်အားခနှင့် လုပ်အားညီညွတ်မှုများကို ဖြစ်ပေါ်စေသည်၊ အမျိုးသမီးများအတွက် တန်ဖိုးညီမျှသောအလုပ်ကိုရရှိစေသည်၊ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုနှင့် ပုဂ္ဂလိကနှင့် ပြည်သူပိုင်နေရာများတွင် မိန်းကလေးများနှင့် အမျိုးသမီးများအား ထိပါးနှောက်ယှက်ခြင်း ပုံစံမျိုးစုံကို ကာကွယ်တားဆီးရုံသာမက ပပျောက်အောင်ပါ လုပ်ဆောင်ပေးသည်။

*(ဃ)* ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် လက်ရှိနှင့် အနာဂတ်အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ရရှိဖြေရှင်းနိုင်စေပြီး၊ ပြောင်းလဲဖွဲ့စည်းမှု၊ ကုန်ထုတ်စွမ်းအားတိုးမြှင့်ရေး၊ တန်ဖိုးတိုးမြှင့်လုပ်ဆောင်ချက်များနှင့် သယံဇာတများ ထိရောက်စွာသုံးစွဲနိုင်ရေးတို့အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် မြို့ပြဖြစ်ထွန်းခြင်းကို အရှိန်မြှင့်တင်ပေးသည်။ ဒေသစီးပွားရေးကိုထိန်းညှိပေးပြီး၊ ပုံမှန်မဟုတ်သည့် ပုံကျ စီးပွားရေးလုပ်ငန်း များ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုသည်၊ တစ်ချိန်တည်းမှာပင် တရားဝင်စီးပွားရေးအသွင်သို့ ကူးပြောင်းနိုင်ရေးကိုလည်း ကူညီပေးသည်။

[13] ဆုံးဖြတ်ချက် ၆၀/၁

[14] ဆုံးဖြတ်ချက် ၄၁/၁၂၈, နောက်ဆက်တွဲ

*(င)* နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးလုပ်ငန်းများကို ပြည့်မီအောင်ဆောင်ရွက်ပေးသည်၊ အဆင့်တိုင်းအတွက် ရေရှည်၊ ချိန်ညှိပေါင်းစပ်ထားသည့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် မောင်းနှင်အားများ (သို့) ဆုံချက်များအဖြစ် ဆောင်ရွက်ပေးသည်။

*(စ)* လူများနှင့်ကုန်စည်များ သယ်/ပို့စနစ်များအတွက် ကောင်းမွန်သည့်ရင်းမြစ်များရှိသော ရေရှည်တွင် လွယ်ကူသင့်လျော်ပြီး လုံခြုံမှုရှိသည့် မြို့ပြရွေ့ပြောင်းမှုများဖြစ်ပေါ်စေရန် အသက်အရွယ်နှင့် ကျား/မ အလိုက် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးသည်၊ လူများ၊ ကုန်စည်များ၊ နေရာများ၊ ဝန်ဆောင်မှုများနှင့် စီးပွားရေးအခွင့်အလမ်းများကြား ထိရောက်စွာချိတ်ဆက်ပေးသည်။

*(ဆ)* သဘာဝဘေးဖြစ်နိုင်ချေလျှော့ချရေးနှင့်စီမံခန့်ခွဲရေး ကို အကောင်အထည်ဖော်ပေးသည်၊ ထိခိုက်ပျက်စီးနိုင်ချေကို လျှော့ချပေးသည်၊ သဘာဝနှင့်လူသားကြောင့်ဖြစ်သည့် အန္တရာယ်များကို ကြံ့ကြံ့ခံနိုင်စွမ်းနှင့် တုန့်ပြန်နိုင်စွမ်းများအား တည်ဆောက်ပေးသည်၊ ရာသီဥတုပြောင်းလဲမှုကို လက်ခံပေးနိုင်သည်။

*(ဇ)* ဂေဟစနစ်များ၊ ရေနှင့်သဘာဝစားကျက်ကွင်းများ၊ ဇီဝမျိုးကွဲများကို ကာကွယ်၊ ထိန်းသိမ်း၊ ပြန်လည်အသက်သွင်းပြီး အဆင့်မြှင့်တင်ပေးသည်၊ ယင်းတို့၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို အနည်းဆုံးဖြစ်အောင် လုပ်ပေးသည်၊ ရေရှည်စားသုံးနိုင်စွမ်းနှင့် ရေရှည်ထုတ်လုပ်နိုင်စွမ်းများ ပြောင်းလဲ ဖြစ်ပေါ်လာစေသည်။

# ကျွန်ုပ်တို့၏ စည်းမျဉ်းများနှင့် ကတိကဝတ်များ

(၁၄) ကျွန်ုပ်တို့၏ မျှော်မှန်းချက်ကိုရရှိရန်အတွက် အောက်ပါစည်းမျဉ်းများပါဝင်သည့် မြို့ပြလုပ်ငန်းစဉ်သစ်ကို ကျင့်သုံးမည် ဖြစ်သည်-

*(က)* အဆုံးစွန်ဆင်းရဲမွဲတေမှုကို ပပျောက်အောင်လုပ်ဆောင်ခြင်းအပါအဝင် ဆင်းရဲမွဲတေမှုမျိုးစုံကို အဆုံးသတ်ခြင်း၊ တန်းတူညီတူရှိမှုနှင့်အခွင့်အလမ်းများ၊ လူမှုစီးပွားနှင့်ယဉ်ကျေးမှုမတူကွဲပြားမှုများ၊ မြို့ပြ ဧရိယာများတွင် ပေါင်းစပ်ခြင်းများအားလုံးကို ဖြစ်ပေါ်စေခြင်း၊ အသက်ရှင်နေထိုင်နိုင်စွမ်း၊ ပညာသင်ကြားရေး၊ အစားအစာနှင့်အဟာရဖူလုံမှု၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး၊ ခုခံအားကျဆင်းမှုရောဂါ၊ တီဘီနှင့် ငှက်ဖျားကဲ့သို့သော ကပ်ရောဂါများကို ပပျောက်အောင်လုပ်ဆောင်ခြင်း၊ ဘေးကင်းမှုဖြစ်ပေါ်စေခြင်း၊ ခွဲခြားဆက်ဆံခြင်းပုံစံမျိုးစုံ၊ အကြမ်းဖက်မှုမျိုးစုံတို့ကို ပပျောက်စေခြင်း စသည့် လုပ်ဆောင်ချက်များဖြင့် လုံလောက်သင့်တင့်သည့်အိမ်ရာ၊ အခြေခံဝန်ဆောင်မှုများနှင့် လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ အားလုံးကို (မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစ်စေဘဲ လူတိုင်း) ရရှိခံစားနိုင်အောင်လုပ်ဆောင်မည်။

*(ခ)* ကောင်းစွာစီမံထားသည့် မြို့ပြဖြစ်ထွန်းမှု၏ အကျိုးကျေးဇူးများကို ပေါင်းစည်းမြှင့်တင်ခြင်း၊ ကုန်ထုတ်စွမ်းအားမြင့်မားမှု၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်မှုများကို မြှင့်တင်ခြင်း၊ ပြည့်ဝကောင်းမွန်သည့် အလုပ်များကို အားလုံးအတွက် တိုးမြှင့်တင်ရရှိစေခြင်း၊ စီးပွားရေးနှင့်

ကုန်ထုတ်လုပ်မှုရင်းမြစ်နှင့် အခွင့်အလမ်းများကို လူတိုင်းတပြေးညီရရှိနိုင်ရေးအတွက် ကောင်းမွန်သည့်အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ မြေဈေးကစားမှုမှ ကာကွယ်ပေးနိုင်သော လုံခြုံစိတ်ချရသည့် မြေငှားရမ်းမှုများကို ရရှိစေခြင်းနှင့် သင့်လျော်ရာနေရာများတွင် (မြို့ပြသိပ်သည်း ကျစ်လစ်သည့်ဖွဲ့စည်းမှုဖြင့်) ကျုံ့ခြင်းများကိုစီမံခန့်ခွဲခြင်း (Urban Shrinking) စသည့် လုပ်ဆောင်ချက်များဖြင့် အားလုံးပါဝင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်သည့် မြို့ပြစီးပွားရေးများကို ဖော်ဆောင်မည်။

*(ဂ)* သန့်ရှင်းသည့်စွမ်းအင် သုံးစွဲမှုမြှင့်တင်ခြင်း၊ သယံဇာတများနှင့် မြေယာများကို မြို့ပြဖွံ့ဖြိုးမှု အတွက် ရေရှည်အကျိုးရှိအောင်အသုံးပြုခြင်း၊ ဂေဟစနစ်များနှင့်ဇီဝမျိုးကွဲများကို ကာကွယ်ခြင်း၊ သဘာဝနှင့် ကိုက်ညီသည့် ကျန်းမာစေသောလူနေမှုပုံစံကို ကျင့်သုံးခြင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှုတို့ကို ရေရှည်အတွက် မြှင့်တင်ဆောင်ရွက်ခြင်း၊ မြို့ပြကိုကြံ့ကြံ့ခံနိုင်စွမ်းရှိအောင် တည်ဆောက်ခြင်း၊ သဘာဝဘေး ဖြစ်နိုင်ချေများကို လျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို တတ်နိုင်သမျှ လျော့နည်းအောင် ပြုလုပ်ခြင်းများဖြင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ အောင် ပြုလုပ်မည် ဖြစ်ပါသည်။

(၁၅) မြို့ပြလုပ်ငန်းစဉ်သစ်အတွက် မြို့ပြလုပ်ငန်းစဉ်အရွေ့ဖြစ်ပေါ်မည့် အောက်ပါအချက်များ ရရှိသည်အထိ ကျွန်ုပ်တို့ ဦးတည်လုပ်ဆောင်ကြမည်ဖြစ်ပါသည်-

*(က)* မြို့တော်များနှင့် လူတို့အခြေချနေထိုင်ရာနေရာများအားစီမံကိန်းရေးဆွဲ၊ ဘဏ္ဍာငွေထောက်ပံ့၊ တည်ဆောက်၊ အုပ်ချုပ်၊ စီမံကြသည့်နည်းလမ်းများကို ပြန်လည်သုံးသပ်မည်၊ အားလုံးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးဖြစ်ထွန်းမှုကို ဖြစ်ပေါ်စေရေးအတွက် အဓိကကျသည့် မြို့ပြနှင့် နယ်မြေ ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အသိအမှတ်ပြုဆောင်ရွက်မည်။

*(ခ)* မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မြို့ပြမူဝါဒများနှင့် ဥပဒေများကို ထိရောက်စွာပြဋ္ဌာန်းမှုနှင့် အကောင်အထည်ဖော်မှုတို့တွင် အမျိုးသားအစိုးရများ၏ ဦးဆောင်သည့်အခန်းကဏ္ဍကို လည်းကောင်း၊ ပြည်နယ်အစိုးရများ၊ ဒေသအာဏာပိုင်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သည့် ပါဝင်ဆောင်ရွက်သူ ပုဂ္ဂိုလ်တိုင်း၏ ပွင့်လင်းမြင်သာမှုရှိစွာနှင့် တာဝန်ခံစွာ ပါဝင်လုပ်ဆောင်ခဲ့မှုများ၏ အရေးပါမှုကိုလည်းကောင်း အသိအမှတ်ပြုသည်။

*(ဂ)* အဆင့်တိုင်းအတွက် ပြောင်းလဲရေးဆိုင်ရာ အောက်ပါအကြောင်းတရားများအပေါ်တွင် အခြေခံသည့် မူဝါဒများ၊ မဟာဗျူဟာများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများနှင့် လုပ်ဆောင်ချက်များ ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူထုဗဟိုပြုပြီး အသက်အရွယ် ကျား/မ မခွဲခြားဘဲ စုပေါင်းလုပ်ဆောင်သည့် ရေရှည်ချဉ်းကပ်မှုများကို ကျင့်သုံးမည်။

(၁)မြို့ပြမူဝါဒများကိုအကောင်အထည်ဖော်ရာတွင်ဒေသအဆင့်၊အမျိုးသားအဆင့်အစိုးရများ၊ သင့်တော်သည့်ဆက်နွယ်ပါဝင်သူ အဆင့်အသီးသီးအကြား မြို့ပြနှင့်လူတို့ အခြေချနေထိုင်ရာ နေရာများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိစေရေး ပူးပေါင်းဆက်စပ်ဆောင်ရွက်ရာတွင် အစိုးရ အသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးမည်။

(၂) ကောင်းမွန်သည့် မြို့ပြအုပ်ချုပ်မှုယန္တရားများနှင့် လုပ်ထုံးလုပ်နည်းများ၊ အပြန်အလှန် ထိန်းကျောင်းသည့်စနစ်များဖြင့် မြို့ပြအုပ်ချုပ်ရေးကို အားကောင်းအောင် ဆောင်ရွက်မည်၊ လူမှုရေးစုစည်းပါဝင်မှု၊ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်းများကို မြို့ပြဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင် ဖော်ဆောင်နိုင်ရာ၌ ကြိုတင် မှန်းဆနိုင်ပြီး ရှေ့နောက် ညီလျော်မှု ရှိစေပါမည်။

(၃) မြို့ပြပုံစံရှိ နေရာလွတ်များကို အများဆုံးဖြစ်အောင်မြှင့်တင်နိုင်ရန် ရေရှည်ပေါင်းစပ်နိုင်သည့် မြို့ပြနှင့်နယ်မြေစီမံကိန်းများနှင့် ဒီဇိုင်းများကို အားသစ်လောင်းမည်၊ မြို့ပြဖြစ်တည်မှု၏ ရလဒ်ကောင်းများကို ဝေမျှမည်။

(၄) အားလုံးပါဝင်သည့် ရေရှည်မြို့ပြဖွံ့ဖြိုးတိုးတက်မှုက ဖော်ထုတ်သောတန်ဖိုးများကို ဖန်တီး၊ ထိန်းသိမ်းပြီး ဝေငှနိုင်ရန်အတွက် မြူနီစီပယ်ဘဏ္ဍာရေးနှင့် ဒေသတွင်းငွေကြေးစနစ်များကို အားကောင်းအောင် ကူညီမည်၊ ထိရောက်ဆန်းသစ်သည့် ရေရှည်ဘဏ္ဍာရေးမူဘောင်များကို ပံ့ပိုးပေးမည်။

# လိုအပ်သော လုပ်ဆောင်ချက်။

(၁၆) မြို့တော်များ၊ မြို့များနှင့်ကျေးရွာများ၏ အရွယ်အစားအမျိုးမျိုး ကွဲပြားခြားနားသည်နှင့်အမျှ ကျွန်ုပ်တို့၏ မြို့ပြလုပ်ငန်းစဉ်သစ်သည် အတိုင်းအတာအားဖြင့် ကျယ်ပြန့်သလို လူသားဗဟိုပြုရေးဆွဲထားခြင်းဖြစ်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ကမ္ဘာမြေကို ကာကွယ်ပြီး ရေရှည်မျှော်မှန်းချက်များလည်း ပါရှိသည်၊ နိုင်ငံတကာ၊ ဒေသတွင်း၊ အမျိုးသား၊ ပြည်နယ်နှင့်ဒေသ အာဏာပိုင်အစိုးရအဆင့်အသီးသီး သက်ဆိုင်ရာ အစိုးရများက ယင်းတို့၏ လိုအပ်ချက်များပေါ်မူတည်၍ ကျင့်သုံးနိုင်သည့် ဦးစားပေးအချက်များနှင့် လုပ်ဆောင်ချက်များကိုလည်း ချမှတ်ထားပါသည်။

(၁၇) နိုင်ငံအသီးသီး၏ အရှိတရားများ၊ စွမ်းရည်များနှင့် တိုးတက်မှုအဆင့်များကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံတော်ဥပဒေများနှင့် အလေ့အထများ၊ မူဝါဒများနှင့် ဦးစားပေးအချက်များကို လေးစားလိုက်နာကာ ယခု မြို့ပြလုပ်ငန်းစဉ်သစ်ကို ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်များအထိ ကျွန်ုပ်တို့၏ နိုင်ငံများအတွင်းတွင် အကောင်အထည်ဖော်နိုင်သည်အထိ လုပ်ဆောင်မည်ဖြစ်ပါသည်။

(၁၈) သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရိုင်ရိုကြေညာချက်ရှိ စည်းမျဉ်းများအားလုံးကို ထပ်မံအတည်ပြုပါသည်။ စည်းမျဉ်းအမှတ်(၇)တွင် ဖော်ပြထားသည့်ယေဘုယျအားဖြင့် တူညီသော်လည်း ကွဲပြားသည့်တာဝန်များဆိုင်ရာစည်းမျဉ်းလည်း အပါအဝင်ဖြစ်ပါသည်။

(၁၉) မြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအများစု (အထူးသဖြင့် အာဖရိကန်နိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံများ၊ ကုန်းတွင်းပိတ်နိုင်ငံများနှင့် ကျွန်းနိုင်ငံငယ်များ) တွင် ရင်ဆိုင်နေသည့် စိန်ခေါ်မှုများနှင့် ဝင်ငွေအလယ်အလတ်ရှိသည့်နိုင်ငံများ ကြုံတွေ့နေရသည့်

စိန်ခေါ်မှုများကို သေချာစွာအာရုံစိုက်ရမည်ဖြစ်ကြောင်း အသိအမှတ်ပြုပါသည်။ ပဋိပက္ခ ဖြစ်ပွားနေသည့် နိုင်ငံများ၊ သိမ်းပိုက်ခံထားရသည့် နိုင်ငံများနှင့် နယ်မြေများ၊ ပဋိပက္ခ ဖြစ်ပွားပြီးစနိုင်ငံများ၊ သဘာဝဘေးနှင့် လူသားကြောင့်ဖြစ်သော ဘေးများသင့်နေသည့် နိုင်ငံများကိုလည်း အထူး အာရုံစိုက်မည် ဖြစ်ပါသည်။

(၂၀) အမျိုးသမီးများနှင့်မိန်းမပျိုများ၊ ကလေးများနှင့်လူငယ်များ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါသည်များ၊ လူအိုများ၊ တိုင်းရင်းသားများနှင့် ဒေသခံလူ့အဖွဲ့အစည်းများ၊ ကျူးကျော်နှင့်တရားမဝင်နေထိုင်သူများ၊ အိုးမဲ့အိမ်မဲ့များ၊ လုပ်သားများ၊ လယ်သမားများနှင့် တံငါသည်များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ ပြည်တော်ပြန်များ၊ ပြည်တွင်း ရွှေ့ပြောင်းခံရသူများနှင့် ရွှေ့ပြောင်းသူအမျိုးမျိုးတို့ခံစားနေရသည့် ခွဲခြားဆက်ဆံမှုများ အားလုံးကို ဖြေရှင်းနိုင်ရန်အတွက် အာရုံစိုက်လုပ်ဆောင်ရန်လိုအပ်ချက်ကိုလည်း အသိအမှတ်ပြုပါသည်။

(၂၁) နိုင်ငံတော်အစိုးရ၊ ပြည်နယ်နှင့်ဒေသအာဏာပိုင်များ၊ သက်ဆိုင်သူများအားလုံးကို နိုင်ငံတော်မူဝါဒများ၊ ဥပဒေများနှင့်အညီ မိတ်ဖက်ပြုမှုများကို ပြန်လည်လုပ်ဆောင်ရန်၊ အင်အားဖြည့်တင်းရန်နှင့် ဖန်တီးနိုင်ရန် တိုက်တွန်းပါသည်၊ ကျွန်ုပ်တို့၏ ဘုံမျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် မြို့ပြလုပ်ငန်းစဉ်သစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် တိုက်တွန်းခြင်းဖြစ်ပါသည်။

(၂၂) မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံရေးကတိကဝတ် နှင့် စုပေါင်းမျှော်မှန်းချက် အနေဖြင့်လည်းကောင်း၊ လျှင်မြန်စွာတိုးတက်ဖြစ်ထွန်းနေသည့် မြို့ပြကမ္ဘာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အတွက် မောင်းနှင်အားများအနေဖြင့် မြို့တော်များနှင့် လူတို့အခြေချနေထိုင်ရာနေရာများ၏ အဓိကအခန်းကဏ္ဍကို ပိုမို အားကောင်းစေရန်အတွက် သမိုင်းတွင်မည့် အခွင့်အလမ်းတစ်ရပ်အနေဖြင့်လည်းကောင်း မြို့ပြလုပ်ငန်းစဉ်သစ်ကို ကျင့်သုံးခြင်းဖြစ်ပါသည်။

# မြို့ပြလုပ်ငန်းစဉ်သစ်
# အကောင်အထည်ဖော်ရေး
# ကီတိုအစီအစဉ်

(၂၃) မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသအာဏာပိုင်များနှင့် သက်ဆိုင်သူများအားလုံးအတွက် အဓိကလမ်းညွှန်ချက်ဖြစ်သည့် မြို့ပြလုပ်ငန်းစဉ်သစ်ကို ကျွန်ုပ်တို့အနေဖြင့် အကောင်အထည် ဖော်မည်ဖြစ်သည်။

# မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များ

(၂၄) မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလားအလာကောင်းများကို ပြည့်စုံစွာထိန်းညှိပေးနိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပေါင်းစပ်အမြင်များအပေါ်တွင် အခြေခံသည့်မြို့ပြတိုးတက်ပြောင်းလဲမှုအရွေ့မှတဆင့် အောက်ဖော်ပြပါ ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များကို ကျွန်ုပ်တို့ချမှတ်ပါသည်။

## *(က) ဆင်းရဲမွဲတေမှု အဆုံးသတ်ရေးနှင့် လူမှုရေးစုစည်းပါဝင်မှုအတွက် မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှု*

(၂၅) အလွန်ဆင်းရဲမွဲတေခြင်းအပါအဝင် ဆင်းရဲနွမ်းပါးမှုပုံစံများကိုတိုက်ဖျက်ခြင်းသည် အကြီးမားဆုံးကမ္ဘာ့စိန်ခေါ်မှုဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ချက်တခုဖြစ်သည်ဟု ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ပိုမိုကြီးထွားလာသည့် မညီမျှမှုများနှင့် ပုံကျရပ်ကွက်များ နှင့် တရားမဝင်နေထိုင်သူ အရေအတွက် တိုးပွားလာခြင်းအပါအဝင် ဆင်းရဲမွဲတေမှုအသွင်မျိုးစုံတည်ရှိနေသေးမှုသည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သက်ရောက်မှုရှိစေသည်ဆိုသည့် အချက်ကိုလည်း ကျွန်ုပ်တို့အနေဖြင့် သိမြင်ပါသည်။ မြို့ပြကွက်လပ်ဒီဇိုင်းနှင့် ယင်းတို့၏အစုအဝေးနေရာများကို လွယ်ကူစွာ ရောက်ရှိ/ရရှိနိုင်ရေး၊ အခြေခံအဆောက်အအုံများနှင့် အခြေခံဝန်ဆောင်မှုများကို ပေးအပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုမူဝါဒများသည် လူမှုရေးပေါင်းစည်းမှု၊ သာတူညီမျှမှုနှင့် လူမှုရေးစုစည်းပါဝင်မှုများကို တိုးတက်စေနိုင် (သို့) အတားအဆီးဖြစ်စေနိုင်ကြောင်းကိုလည်း သိမြင်ပါသည်။

(၂၆) လူထုဗဟိုပြုပြီး ကမ္ဘာမြေကိုကာကွယ်သည့်အပြင် အသက်အရွယ်နှင့် ကျား/မ လိုအပ်ချက် များကို တုန့်ပြန်သော မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ကျွန်ုပ်တို့ ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များရရှိစေပြီး ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ခြင်းကိုလည်း ပံ့ပိုးမည်ဖြစ်ပါသည်။ ခွဲခြားဆက်ဆံမှုပေါင်းစုံနှင့် အကြမ်းဖက်မှုများကို အဆုံးသတ်စေပြီး လူတိုင်းနှင့် လူ့အဖွဲ့အစည်းတိုင်းကို စွမ်းရည်မြင့်မားစေမည်ဖြစ်သည်။ လူတိုင်း၏ အဓိပ္ပာယ်ရှိသည့် ပါဝင်ဆောင်ရွက်မှုကိုလည်း အားပေးမည်ဖြစ်သည်။ ယဉ်ကျေးမှုကို မြှင့်တင်ပြီး ကျွန်ုပ်တို့၏ မြို့တော်များနှင့် အခြေချနေထိုင်ရာနေရာများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် အဓိကအချက်များဖြစ်သည့် သာတူညီမျှရှိမှုနှင့် မတူကွဲပြားမှုများအတွက် လေးစားမှုများကိုလည်း အလားတူ မြှင့်တင်မည် ဖြစ်သည်။

(၂၇) ကျွန်ုပ်တို့အနေဖြင့် မည်သူ့ကိုမျှချန်လှပ်ခဲ့လိမ့်မည်မဟုတ်ပါကြောင်း ကတိပြုပါသည်။ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးအမြတ်များနှင့် ဘုံအခွင့်အလမ်းများအားလုံးကို တပြေးညီ မြှင့်တင်ပေးမည်ဖြစ်ပါသည်။ အခြေချနေထိုင်သူ အားလုံးအတွက် တရားဝင် (သို့) တရားမဝင်

အခြေချနေထိုင်နေကြစေကာမူ ယင်းတို့၏အခွင့်အလမ်းများအားလုံးကို ရရှိနိုင်စေရန် သိက္ခာရှိပြီး ကောင်းမွန်သည့်ဘဝဖြင့် အသက်ရှင်ရပ်တည်နိုင်အောင် ကူညီပေးသွားမည်ဖြစ်သည်။

(၂၈) ရွှေ့ပြောင်းအခြေချသူများ ပြည်တွင်းရွှေ့ပြောင်းခံရသူများနှင့် ဒုက္ခသည်များ၏ လူ့အခွင့်အရေးနှင့် လူသားဆန်သည့် ဆက်ဆံမှုများအတွက် အပြည့်အဝလေးစားမည်ဖြစ်သည်။ နိုင်ငံတကာနှင့်ပူးပေါင်း၍ ယင်းတို့၏ ပြည်တွင်းရေး အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားကာ ယင်းတို့နေထိုင်ရာ မြို့တော်များအတွက်လည်း ပံ့ပိုးကူညီမည် ဖြစ်ပါသည်။ မြို့များနှင့် မြို့တော်များသို့ လူဦးရေ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့ခြင်းသည် စိန်ခေါ်မှုများစွာ ရှိနေမည်ဖြစ်သော်လည်း မြို့ပြလူမှုဘဝအတွက်လည်း လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တိုးတက်မှုများဖြစ်ပေါ်စေနိုင်သည်ကို အသိအမှတ်ပြုပါသည်။ အစီအစဉ်ကျနပြီး ကောင်းမွန်စွာစီမံခန့်ခွဲထားသည့် ရွှေ့ပြောင်းမှုမူဝါဒများမှတဆင့် ဘေးကင်းလုံခြုံပြီး စီစဉ်တကျဖြစ်သည့် ရွှေ့ပြောင်းမှုများကိုဖြစ်ပေါ်စေသည့်အတွက် နိုင်ငံတကာရွှေ့ပြောင်းအခြေချမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုကို ကမ္ဘာ့အဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတော်အဆင့်၊ ပြည်နယ်နှင့်ဒေသအာဏာပိုင် များ စသည့် အဆင့်အသီးသီးတွင် စနစ်တကျပူးပေါင်းလုပ်ဆောင်မှုများ ပိုမိုအားကောင်းလာ စေရန် ကျွန်ုပ်တို့အနေဖြင့် ကူညီမည်ဖြစ်ပါသည်။ မြို့တော်များနှင့် ပိုမိုအားကောင်းလာသည့် ကျေးလက်-မြို့ပြ ချိတ်ဆက်မှုများအတွက် ရွှေ့ပြောင်းအခြေချသူများအနေဖြင့် ကောင်းမွန်သည့် ပူးပေါင်းပါဝင်မှုများ ပြုလုပ်နိုင်စေရန် မူဘောင်များချမှတ်ရာတွင် ဒေသအာဏာပိုင်အဖွဲ့များကို ကျွန်ုပ်တို့ကလည်း ပံ့ပိုးကူညီမည် ဖြစ်ပါသည်။

(၂၉) မကြာခဏနှင့် ကာလကြာရှည်စွာဖြစ်ပေါ်နေသည့် လူသားပဋိပက္ခများကြောင့်ဖြစ်ရသည့် ဘေးဒုက္ခများသင့်နေသော လူ့အဖွဲ့အစည်းများအတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း အပါအဝင်လူမှုရေး နှင့် အခြားသောအခြေခံဝန်ဆောင်မှုများပေးအပ်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်နယ်၊ ဒေသအာဏာပိုင် အဆင့်အသီးသီးနှင့် အခြားသောလူ့အဖွဲ့ အစည်းများကြား ပူးပေါင်းဆောင်ရွက်သည့်ကဏ္ဍကို ပိုမိုအားကောင်းလာစေရန် ပြုလုပ်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာ ဒေသများအတွက် တာရှည်ခံသည့် ဖြေရှင်းချက်များထွက်ရှိအောင် ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြို့ပြများတွင် ပဋိပက္ခဒဏ်သင့်သူများအတွက် နေရာ၊ ဝန်ဆောင်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးအပ်နိုင်အောင် ကူညီမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဒုံရင်းအနေအထားသို့ ပြန်လည်မရောက်ရှိရလေအောင် ဘေးသင့်သူများနှင့် သက်ဆိုင်ရာလူ့အဖွဲ့အစည်း များသို့ အကူအညီများ မှန်မှန်ကန်ကန် ရောက်ရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။

(၃၀) လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေစဉ် မြို့ပြဝန်ဆောင်မှုများကို ကြံ့ကြံ့ခံပြီး ဆက်လက် ပံ့ပိုး နိုင်ရန်အတွက် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် အစိုးရများ၏လိုအပ်ချက်ကိုလည်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို အပြည့်အဝလေးစား လိုက်နာရမည်ကိုလည်း ထပ်မံအတည်ပြုပါသည်။

(၃၁) မသန်စွမ်းသူများ၊ ဝင်ငွေနိမ့်သူများ၊ ဒုက္ခရောက်နေသူများနှင့် အိုးမဲ့အိမ်မဲ့များ၏လိုအပ်ချက် များကို အဓိက ထားသော၊ အတင်းအဓမ္မရွှေ့ပြောင်းမှုများကို တားဆီးသော၊ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံးကို ဖြေရှင်းနိုင်သော၊ ပြည့်ဝသည့်လူနေမှုအဆင့်အတန်းဆိုင်ရာ ရပိုင်ခွင့်၏ အစိတ်အပိုင်းဖြစ်သည့် လုံလောက်သည့် အိုးအိမ် ပိုင်ဆိုင်ခွင့်ကို အကောင်အထည်ပေါ်လာစေရန်

အားပေးသောအိမ်ရာမူဝါဒများ နိုင်ငံတော်၊ ပြည်နယ်နှင့် ဒေသအဆင့် တို့တွင် တိုးတက်ဖြစ်ပေါ် လာစေရန်လည်း ဆောင်ရွက်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော် စည်းမျဉ်းစည်းကမ်း များနှင့် အဆင့်အတန်းများ နှင့်အညီ လူနေအိမ်ရာများကို ထုတ်လုပ်ရာတွင် ပံ့ပိုးပေးခြင်းများ အပါအဝင် အထက်ပါအိမ်ရာမူဝါဒများကို အကောင်အထည်ဖော်ခြင်းနှင့် စီမံကိန်းများရေးဆွဲခြင်းများ အတွက် လူ့အဖွဲ့အစည်းများ၊ သက်ဆိုင်ရာပါဝင်ဆောင်ရွက်သူများအားလုံးကို အားပေးထောက်ပံ့မည် ဖြစ်ပါသည်။

(၃၂) မြို့ပြလုပ်ငန်းဆောင်တာများ ပတ်ဝန်းကျင်၊ ကျန်ရှိသည့် မြို့ပြအဆောက်အအုံနှင့် ဟင်းလင်း ပြင်အား ကောင်းစွာ စီမံခန့်ခွဲနိုင်ရန်အတွက် နီးစပ်သည့်အဝန်းအဝိုင်းအတွင်း အဓိကထား၍ နေရာ ကောင်းမွန်ပြီး ကောင်းစွာချိတ်ဆက်ထားနိုင်သော၊ အရင်းအမြစ်များ ကောင်းမွန်စွာ စီမံခန့်ခွဲထားသော သင့်တင့်သည့် ဈေးနှုန်းရှိပြီး ဘေးကင်းလုံခြုံကာ ကြံ့ကြံ့ခံနိုင်သော အိမ်ရာများကို ပံ့ပိုးပေးနိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ကြမည့် အဆင့်အသီးသီးမှ အစိုးရများနှင့် ဒေသအာဏာပိုင် များအား အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူမှုရေး ပေါင်းစည်းမှုကဏ္ဍများတွင် ကျား/မ သက်ရွယ်တိုင်းအတွက် အဆင်ပြေအောင် ပေါင်းစပ်ထားသည့် ချဉ်းကပ်မှုများနှင့် မူဝါဒများ တိုးမြှင့်ပံ့ပိုးနိုင်အောင် လုပ်ဆောင်မည် ဖြစ်ပါသည်။

(၃၃) ဝင်ငွေအဆင့်အသီးသီးရှိသည့် လူတန်းစားတိုင်းအတွက် လုံခြုံဘေးကင်းသော၊ ဈေးနှုန်းသင့်တင့် သော၊ အဆင်ပြေသောအိမ်ရာများနှင့်ပတ်သက်၍ လုံလောက်သောရွေးချယ်ခွင့်များကို ပံ့ပိုးပေးနိုင်ရန် ကြိုးစားလျှက်ရှိသည်။ ယင်းတို့တွင် လူမှုစီးပွားနှင့်ယဉ်ကျေးမှုပေါင်းစပ်ထားသည့် လူ့အဖွဲ့အစည်းများ၊ အိုးမဲ့အိမ်မဲ့များနှင့် ဒုက္ခသည်များ အတွက်ပါ ထည့်သွင်းစဉ်းစားထားပါသည်။ အိုးမဲ့အိမ်မဲ့များ၏ ဘဝအဆင့်အတန်းကို မြှင့်တင်နိုင်ရန်အတွက် ကြိုးစားလုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ထို့အတွက် အိုးမဲ့အိမ်မဲ့ဖြစ်မှုကို အဆုံးသတ်နိုင်ရန်၊ ရာဇဝတ်သား အသွင်ရောက်မှုများကိုလည်း တိုက်ဖျက်ရန်ရည်ရွယ်ပြီး လူ့အဖွဲ့အစည်းတွင်း အိုးမဲ့အိမ်မဲ့များ၏ပါဝင်မှုကိုလည်း ပိုမိုလွယ်ကူစေရန် ကူညီမည်ဖြစ်သည်။

(၃၄) သတင်းအချက်အလက်နှင့်နည်းပညာများ၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် မိသားစုစီမံကိန်း၊ ရေရှည်ရွှေ့ပြောင်းမှု၊ အမှိုက်စွန့်ခြင်း၊ အဟာရနှင့် အစားအစာ၊ ဘေးကင်းလုံခြုံမှု၊ သောက်သုံးရေနှင့် သန့်ရှင်းမှု၊ ဈေးသင့်သည့် မြေနှင့်အိမ်ရာများအပါအဝင် တာရှည်ခံသည့်လူမှုရေးနှင့် အခြေခံအဆောက်အအုံများကို အားလုံးသာတူညီမျှ လက်လှမ်းမီစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်သည်။ အမျိုးသမီးများနှင့်ကလေးငယ်များ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ရွှေ့ပြောင်းအခြေချသူများ၊ ဒေသခံများ၊ ဒေသခံလူ့အဖွဲ့အစည်းများနှင့် ဒုက္ခသည်များအားလုံး၏ ရပိုင်ခွင့်နှင့်လိုအပ်ချက်များကို အထက်ပါဝန်ဆောင်မှုများအနေဖြင့် တုန့်ပြန်နိုင်အောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ဥပဒေ၊ ဖွဲ့စည်းပုံ၊ လူမှုစီးပွားနှင့် အခြားသောရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို ပပျောက်အောင်ဆောင်ရွက်ရာတွင် အားပေးကူညီမည်ဖြစ်သည်။

(၃၅) သက်ဆိုင်ရာအစိုးရအဆင့်ဆင့်တွင် မြေယာနှင့်ပိုင်ဆိုင်မှုဆိုင်ရာရပိုင်ခွင့် အတိုင်းအတာအတွင်း မျှော်မှန်းချက်များနှင့်ကိုက်ညီပြီး သက်ရွယ် ကျား/မ မရွေးအတွက် သင့်လျော်သည့် သဘာဝ

ပတ်ဝန်းကျင်ဆိုင်ရာ ဖြေရှင်းချက်များအား အသိအမှတ်ပြုပြီး ပိုင်ဆိုင်ခွင့်ဆိုင်ရာလုံခြုံမှုများကို တိုးမြှင့်နိုင်ရန် ကြိုးစားလုပ်ဆောင်မည် ဖြစ်ပါသည်။ ထိရောက်သည့် အုပ်ချုပ်ရေးစနစ်များမှတဆင့် အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်လုံခြုံမှုကို ယင်းတို့အား လုပ်ပိုင်ခွင့် ပေးအပ်ခြင်းဆိုင်ရာ သော့ချက်တခုအနေဖြင့် အလေးထားလုပ်ဆောင်မည်ဖြစ်သည်။

(၃၆) မြို့တော်နှင့်လူတို့ အခြေချနေထိုင်ရာနေရာများရှိ သတင်းအချက်အလက်နှင့် နည်းပညာစနစ်များ၊ ကျေးလက်နှင့် မြို့ပြတို့တွင် ပေးအပ်နေသည့်ဝန်ဆောင်မှုနှင့် ခံစားခွင့်အမျိုးမျိုးအပြင် ပညာရေး၊ ကျန်းမာရေး၊ သယ်/ပို့၊ အိုးအိမ်နှင့် အများပြည်သူ အပန်းဖြေရာနေရာများအား မသန်စွမ်းသူတိုင်းအတွက် လက်လှမ်းမီစေနိုင်မည့် အခြေအနေကောင်းများကို ဖန်တီးပေးမည်ဖြစ်သည်။

(၃၇) ဘေးကင်းလုံခြုံပြီး အများပြည်သူသွားလာနိုင်သည့် အများပြည်သူအပန်းဖြေရာ အဆင့်မြင့် စိမ်းလန်းနေရာများကို မြှင့်တင်တည်ဆောက်မည်ဖြစ်သည်။ ယင်းတို့တွင် လမ်းများ၊ လျှောက်လမ်းများ၊ စက်ဘီးလမ်းများ၊ ရင်ပြင်များ၊ ရေတားနံရံများ၊ ဥယျာဉ်များနှင့် ပန်းခြံများအစရှိသည့် ယဉ်ကျေးမှုနှင့် လူမျိုးမတူသည့်လူများကြား လူမှုရေး၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ အပြန်အလှန် တွေ့ဆုံဆောင်ရွက်နိုင်သည့် နေရာများကို တည်ဆောက်ပေးပြီး အတူတကွနေထိုင်ခြင်း၊ အချင်းချင်းချိတ်ဆက်မှုရှိစေခြင်းနှင့် လူမှုရေးစည်းလုံးခြင်းများကို မြှင့်တင်နိုင်မည့် အားလုံး ငြိမ်းချမ်းစွာ ပါဝင်နေထိုင်နိုင်သည့် လူ့အဖွဲ့အစည်းများ တည်ဆောက်နိုင်ရန် စီမံမည်ဖြစ်ပါသည်။

(၃၈) မြို့ပြများနှင့်လူတို့အခြေချနေထိုင်ရာနေရာများတွင် ဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှုနှင့် သဘာဝအမွေ အနှစ်များကို ရေရှည်တိုးတက် မြှင့်တင်နိုင်အောင် ဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် ယဉ်ကျေးမှုနယ်မြေများ၊ ပြတိုက်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာစကားများ၊ ရိုးရာသမိုင်းနှင့်အနုပညာများကို မြှင့်တင်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အတွက် အုပ်ချုပ်မှုအဆင့်အသီးသီးတွင် မြို့ပြနှင့် နယ်မြေဒေသဆိုင်ရာမူဝါဒများ မှတဆင့် လုပ်ဆောင်မည်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်မှုနှင့် နိုင်ငံသား ဖြစ်မှုကို မြို့ပြဧရိယာများအား ပြန်လည်အသက်သွင်း ထူထောင်ရေးနည်းလမ်းတစ်ခုအနေဖြင့် အားကောင်းအောင် ပံ့ပိုးရာတွင် အထက်ပါယဉ်ကျေးမှု အခြေခံအဆောက်အအုံများ၏ အခန်းကဏ္ဍကို အလေးပေးဖော်ပြမည် ဖြစ်သည်။

(၃၉) အကြမ်းဖက်မှုနှင့် ကြောက်ရွံ့မှုကင်းစွာဖြင့် မြို့ပြတွင် လူသားတိုင်းအသက်ရှင်နေထိုင်ပြီး အလုပ်လုပ်ကိုင်နိုင်ရန်အတွက် မြို့ပြများနှင့်လူတို့ အခြေချနေထိုင်ရာဒေသများတွင် ဘေးကင်းလုံခြုံပြီး အားလုံးအတွက် သင့်လျော်သည့် ဝန်းကျင်များ တိုးမြှင့်တည်ဆောက်နိုင်ရန်လည်း ကြိုးစားပါမည်။ အမျိုးသမီးများနှင့် မိန်းမငယ်များ၊ လူငယ်များနှင့် ကလေးများ၊ ဒုက္ခသည်များအတွက်လည်း အဓိကအားဖြင့် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။ ကလေးသူငယ်များနှင့် လက်ထပ်ထိမ်းမြားမှု၊ အရွယ်မတိုင်ခင် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အမျိုးသမီးများအတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စသည့် အန္တရာယ်ကြီးမားသည့် အလေ့အကျင့်များကိုလည်း ပပျောက်အောင် လုပ်ဆောင်မည်ဖြစ်သည်။

(၄၀) နေပျော်ဘွယ်ရာရှိပြီး ရှင်သန်အားကောင်းသည့် မြို့ပြစီးပွားရေးများ ဖြစ်ထွန်းလာစေရန်နှင့် လူမှုရေး ပေါင်းစည်းမှု၊ အသိဉာဏ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများနှင့်နားလည်မှုများ၊ သည်းခံမှု၊

အပြန်အလှန်လေးစားမှု၊ ကျား/မ တန်းတူညီမှု၊ တီထွင်ဆန်းသစ်မှု၊ စွန့်ဦးတီထွင်မှု၊ ပါဝင်ဆောင်ရွက်စေမှု၊ ကိုယ်ပိုင်အမှတ်လက္ခဏာနှင့်လုံခြုံမှု၊ လူသားသိက္ခာ စသည်တို့ အားကောင်းလာစေရန်အတွက် မြို့ပြများနှင့် လူတို့အခြေချနေထိုင်ရာနေရာများတွင် မတူ ကွဲပြားမှုများကို နွေးထွေးစွာ ကြိုဆိုမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ပြည်တွင်းအဖွဲ့အစည်းများအနေဖြင့် မတူကွဲပြားသည့် ယဉ်ကျေးမှုများနှင့် လူမျိုးစုများရှိရာ လူ့အဖွဲ့အစည်းများ များပြားလာသည်နှင့်အမျှ ဗဟုဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမှုကို ပိုမိုမြှင့်တင်မည် ဖြစ်သည်။

(၄၁) ပြည်သူများပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ပူးပေါင်းဖော်ထုတ်ရေးအတွက် နောက်ဆက်တွဲ လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းများတွင် အဓိပ္ပာယ်ပြည့်ဝစွာပါဝင်မှုကို ခွင့်ပြုပေးနိုင်မည့် နိုင်ငံတော် မူဝါဒများနှင့်အညီ အားလုံး ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေကောင်း များကို ပိုမိုကျယ်ပြန့်စွာ ဖန်တီးနိုင်ရန်အတွက် မြို့ပြများနှင့် လူတို့အခြေချနေထိုင်ရာ နေရာများတွင် ဖွဲ့စည်းပုံ၊ နိုင်ငံရေး၊ ဥပဒေနှင့် ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများ ကိုလည်း တိုးမြှင့်တည်ဆောက်မည် ဖြစ်သည်။

(၄၂) ကျား/မ အသက်အရွယ်မခွဲခြားဘဲ တုန့်ပြန်သည့် ချဉ်းကပ်မှုများမှတဆင့် သက်ဆိုင်ရာပါဝင် ဆောင်ရွက်သူ အားလုံးအတွက် အမျိုးသားမူဝါဒနှင့်အညီ ဆုံးဖြတ်ဆွေးနွေးပိုင်ခွင့်ကို ရရှိစေပြီး တွေ့ဆုံဆွေးနွေးမှုများအား ပိုမို အားကောင်းစေပြီးလျှင် ပြည်နယ်အစိုးရများနှင့် ဒေသအာဏာပိုင် များအား ယင်းတို့၏အဓိကကျသည့် အခန်းကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ပံ့ပိုးကူညီမည် ဖြစ်ပါသည်။ လူမျိုး၊ ဘာသာ၊ လူမှုစီးပွား မည်သည့်အခြေအနေနှင့်မျှ ခွဲခြားခြင်းမရှိဘဲ ကျား/မ၊ လူကြီး/ လူငယ်၊ ဒေသခံများနှင့်တိုင်းရင်းသားများ၊ ရွှေ့ပြောင်းအခြေချသူများနှင့် မသန်စွမ်းသူများ အစရှိသည့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်သူအားလုံး၏ ပံ့ပိုးမှုကို အထူးအလေးထားမည် ဖြစ်သည်။

## *(ခ) လူသားတိုင်းအတွက် မြို့ပြရေရှည်အကျိုးဖြစ်ထွန်းမှုနှင့် အခွင့်အလမ်းများ*

(၄၃) အားလုံးပါဝင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုသည် ပြည့်ဝသည့်ကုန်ထုတ်စွမ်းအားများနှင့် လူတိုင်းအတွက် ကောင်းမွန်သည့် အလုပ်အကိုင်များပေးစွမ်းနိုင်သောကြောင့် မြို့ပြနှင့်နယ်မြေဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက အချက်တစ်ချက် ဖြစ်သည်။ မြို့တော်များနှင့် လူထုအခြေချ နေထိုင်ရာနေရာများသည် လူတိုင်းအတွက် သက်ရှင် ကျန်းမာရန်၊ အကျိုးစီးပွားဖြစ်ထွန်းရန်နှင့် အောင်မြင်မှုရရှိရန်အလို့ငှာ တူညီသည့်အခွင့်အလမ်းများရှိသောနေရာများ ဖြစ်သင့်သည်ဟု ကျွန်ုပ်တို့ အနေဖြင့် အသိအမှတ်ပြုသည်။

(၄၄) စီးပွားရေးလုပ်ငန်းများ၊ ယင်းတို့၏ ဆပ္ပားလုပ်ဆောင်မှုများ၏ အကျိုးအမြတ်များမှတဆင့် မြို့ပြပုံစံများ၊ အခြေခံအဆောက်အဦများနှင့် အဆောက်အဦဒီဇိုင်းများသည် ကုန်ကျစရိတ်နှင့် ရင်းမြစ်များ ထိရောက်မှု ရရှိစေရန်အတွက် အကောင်းဆုံးမောင်းနှင်အားများဖြစ်ကြောင်း အသိအမှတ် ပြုပါသည်။ ထို့အပြင် ယင်းတို့အနေဖြင့် စွမ်းအင်ဖူလုံမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ကုန်ထုတ်စွမ်းအား၊ သဘာဝပတ်ဝန်းကျင်ကာကွယ်မှုနှင့် မြို့ပြစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအား ဖြစ်ထွန်းပေါ်ပေါက် စေမည် ဖြစ်သည်။


ဂျကာတာ၊ အင်ဒိုနီးရှား - AsiaTravel ©

(၄၅) ကျွန်ုပ်တို့အနေဖြင့် လူတိုင်းအတွက် ရေရှည်အကျိုးဖြစ်ထွန်းပြီး ကောင်းမွန်သည့် မြို့ပြစီးပွားရေးများကို ဖော်ဆောင်မည်ဖြစ်ပြီး အဖွဲ့အစည်းအတွင်းရှိ အလားအလာကောင်းများ၊ ယှဉ်ပြိုင်မှုအားသာချက်များ၊ ယဉ်ကျေးမှု အမွေအနှစ် နှင့် ပြည်တွင်းသယံဇာတများ၊ ရင်းမြစ်ပြည့်ဝပြီး ကောင်းမွန်သည့် အခြေခံအဆောက်အဦများအပေါ် မြို့ပြစီးပွားရေးကို တည်ဆောက်မည်ဖြစ်သည်။ စက်မှုဘက်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တာရှည်ခံသည့် စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံများကို မြှင့်တင်မည်ဖြစ်သည်။ သက်ရှင်ရပ်တည်မှု၊ တီထွင်ဖန်တီးမှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဝန်းကျင်ကောင်းများကိုလည်း ဖန်တီးမည်။

(၄၆) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တတ်နိုင်စွမ်းနှင့် ရေရှည်ဖြစ်စေမည့်အိမ်ရာများ၊ အိုးအိမ်ဆိုင်ရာဘဏ္ဍာရေး၏ အခန်းကဏ္ဍနှင့် အခြားလူမှုစီးပွားကဏ္ဍများသည် အရေးပါပြီး ယင်းတို့သည် အိမ်ရာအရင်းအနှီးထူထောင်မှု၊ ဝင်ငွေ၊ အလုပ်အကိုင်ရရှိမှုနှင့် စုဆောင်းငွေများကို မြှင့်တင်ပေးနိုင်သည်။ ထို့အပြင် အုပ်ချုပ်မှုအဆင့်အသီးသီးတွင် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်အထိ ပံ့ပိုးနိုင်ကြောင်းကိုလည်း အသိအမှတ်ပြုပါသည်။

(၄၇) ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသား၊ ဒေသန္တရနှင့် ဒေသဆိုင်ရာအစိုးရ အဖွဲ့အစည်းအသီးသီးများ ပိုမိုအားကောင်းလာအောင် တဆင့်ပြီးတဆင့် လုပ်ဆောင်မည်။ အစိုးရအာဏာပိုင်များနှင့် သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအကြား တွေ့ဆုံဆွေးနွေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ တွဲဖက်ပေါင်းစည်းခြင်းများကို ဖြစ်ပေါ်စေအောင် ကြိုးပမ်းမည်ဖြစ်သည်။
(၄၈) ဒေသအာဏာပိုင်များ၊ ပုဂ္ဂလိကကဏ္ဍ၊ အမျိုးသမီးရေးရာနှင့် လူငယ်ရေးရာအဖွဲ့များ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားများ၊ ကျွမ်းကျင်ပညာရှင်များကို ကိုယ်စားပြုသူများ၊ ပညာရေး အသင်းအဖွဲ့များ၊ ကုန်သွယ်ရေးသမဂ္ဂများ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ ရွှေ့ပြောင်းနေထိုင်သူအဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်သူအားလုံးအနေဖြင့် မြို့ပြစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ဖော်ထုတ်ရာတွင်လည်းကောင်း၊ လတ်တလောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်းကောင်း ထိရောက်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်အောင် အားပေး တိုက်တွန်းမည်။

(၄၉ ) နိုင်ငံတော်နှင့် ပြည်နယ်အဆင့် နယ်မြေဒေသဆိုင်ရာ မူဘောင်များနှင့် မြို့ပြ-ကျေးလက် လုပ်ဆောင်ချက်များအကြား ပေါင်းစည်းပေးနိုင်သည့် နယ်မြေစနစ်များနှင့် မြို့ပြများ၊ အခြေချနေထိုင်မှုဆိုင်ရာစနစ်များကို ထူထောင်နိုင်ရန် ကျွန်ုပ်တို့အနေဖြင့် ပံ့ပိုးကူညီမည်။ သဘာဝသယံဇာတများနှင့် မြေယာများသုံးစွဲမှုဆိုင်ရာ ရေရှည်စီမံခန့်ခွဲမှုကို မြှင့်တင်ပေးပြီး မြို့ပြနှင့်ကျေးလက်အကြား တပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ မြို့ပြကျေးလက် ဝယ်လိုအားနှင့် ရောင်းလိုအား များကို ချိတ်ဆက်ပေးသည့် အားထားယုံကြည်ရသည့် Supply & Value Change ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ဤနည်းအားဖြင့် မြို့ပြနှင့်ကျေးလက်အကြား လူမှုရေး၊ စီးပွားရေးနှင့် နယ်မြေကွာဟချက်များကို ဖြည့်ဆည်းနိုင်မည် ဖြစ်သည်။

(၅၀) သဘာဝပတ်ဝန်းကျင်ရေရှည်ဖြစ်တည်မှု၊ လုံခြုံမှု၊ လူမှုရေး၊ စီးပွားရေးနှင့် နယ်မြေများပေါင်းစည်းမှု၊ မြင့်မားသည့် ကုန်ထုတ်စွမ်းအားများဆိုင်ရာ အလားအလာကောင်းများကို ပိုမိုများပြားစေရန်အတွက် မြို့ပြနှင့် နယ်မြေပေါင်းစပ်ထားသော ချဉ်းကပ်မှုကိုအခြေခံသည့် လုပ်ထုံးလုပ်နည်းများကို စီမံရေးဆွဲ

မည် ဖြစ်သည်။ ယင်းတို့ကိုအခြေခံ၍ တာရှည်ခံသယ်ပို့ရွှေ့ပြောင်းစနစ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကွန်ရက်များနှင့် အခြေခံအဆောက်အဦများကို ပိုမိုအားကောင်းစေခြင်းဖြင့် မြို့ပြ-ကျေးလက် အပြန်အလှန် ချိတ်ဆက်မှုကို အားပေးမြှင့်တင်မည်ဖြစ်သည်။ မြို့တော်များ၊ ဆင်ခြေဖုံးများ၊ ကျေးလက်ဒေသများ၊ ပင်လယ်နှင့်ကုန်းမြေဆက်စပ်မှု စသည်တို့ကြား အပြန်အလှန် ချိတ်ဆက်မှုများလည်း ပါဝင်မည်ဖြစ်သည်။

(၅၁) သဘာဝသယံဇာတနှင့် မြေယာသုံးစွဲမှုဆိုင်ရာ စီမံခန့်ခွဲမှုကို ရေရှည်ပံ့ပိုးသည့် မြို့ပြစီမံကိန်းနှင့် ဒီဇိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပါဝင်သော မြို့ပြဟင်းလင်းပြင် နေရာလွတ်မူဘောင်များ၊ သင့်လျော်သည့် လူနေသိပ်သည်းမှုများ၊ ရောနှောသုံးစွဲမှုများ၊ မြို့ပြစင်တာ များပြားမှုများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် လုပ်ဆောင်မည်ဖြစ်သည်။ အသေးစားနှင့် စုပေါင်းစီးပွားရေး လုပ်ငန်းများဖြစ်ပေါ်လာစေရန်၊ အစားအစာစနစ် စီမံကိန်းအားကောင်းလာစေရန်နှင့် ရင်းမြစ်များ လုံလောက်မှု၊ မြို့ပြစနစ်၏ ကြံ့ကြံ့ခံနိုင်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ကို မြှင့်တင်နိုင်ရန်တို့အတွက် သင့်လျော်သည့် မြို့ပြချဲ့ထွင်ရေး မဟာဗျူဟာများကို သုံးစွဲမည်ဖြစ်သည်။

(၅၂) မြို့ပြအိမ်ယာဖွဲ့စည်းမှုစနစ်တွင် ရပ်ကွက်သစ်များပေါင်းစည်းမှုနှင့် ကျစ်လစ်သောဒီဇိုင်း၊ သင့်လျော်သည့် လူဦးရေသိပ်သည်းမှု၊ ကောင်းစွာချိတ်ဆက်ထားသည့် အခြေခံအဆောက်အဦ၊ ဝန်ဆောင်မှုများအတွက် စီမံကိန်းချမှတ်ခြင်းဖြင့် မြို့ပြပြန်လည်ဆန်းသစ်တည်ဆောက်ခြင်းကို အဓိကထားသည့် ခံယူချက်များနှင့် မြို့ပြချဲ့ထွင်ရန် လိုအပ်ချက်ကိုလည်း ဟင်းလင်းပြင်နေရာလွတ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများတွင် ထည့်သွင်းရန် အားပေးတိုက်တွန်းမည် ဖြစ်သည်။ ဤနည်းဖြင့် မြို့ပြ ပြန့်ကျဲမှုနှင့် ပျက်စီးနိုင်မည့်အခြေအနေကို ကာကွယ်နိုင်မည်ဖြစ်သည်။

(၅၃) လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မောင်းနှင်အားများဖြစ်သော ဘေးကင်းလုံခြုံပြီး အရည်အသွေးမြင့်မားသည့် အများပြည်သူပိုင်အစိမ်းရောင်နယ်မြေများ တိုးတက်များပြားလာအောင် လုပ်ဆောင်မည်။ လူမှုရေးနှင့် စီးပွားရေး တန်ဖိုးနှင့် ပိုင်ဆိုင်မှုတန်ဖိုးများ ပိုမိုတိုးတက်နိုင်မည့် အလားအလာကောင်းများကိုလည်း ဖြစ်ပေါ်စေမည်။ လူသားတိုင်း အတွက် အသက်ရှင်ရပ်တည်မှု အခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပုဂ္ဂလိကနှင့် အစိုးရရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့လာစေရန် ပံ့ပိုးကူညီမည်။

(၅၄) လေထုညစ်ညမ်းမှု၊ မြို့ပြအပူနှင့် ဆူညံသံများ၊ ယာဉ်ကြောကြပ်တည်းမှု၊ ညံ့ဖျင်းသည့် သယ်ပို့စနစ်များကြောင့် ဖြစ်ပေါ်ရသည့် ဘဏ္ဍာရေး၊ သဘာဝပတ်ဝန်းကျင် နှင့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ကုန်ကျစရိတ်များကို လျော့ချနိုင်ရန် နှင့် ကောင်းမွန်သည့် သယ်ပို့စနစ်၏ အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ရန်အတွက် ပြည့်စုံသည့် သယ်ပို့စနစ်ဆိုင်ရာ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများကို ကုန်ကျစရိတ်သက်သာပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှုများကို ပံ့ပိုးပေးနိုင်အောင် လုပ်ဆောင်မည်ဖြစ်သည်။ ကျူးကျော်နေထိုင်သူများနှင့် ဆင်းရဲသားများအပါအဝင် လူတိုင်း၏ သယ်ပို့စနစ် နှင့် စွမ်းအင်လိုအပ်ချက်များကို အထူးအလေးပေး လုပ်ဆောင်မည်ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကုန်ကျစရိတ် လျော့နည်းခြင်းသည် မြို့များနှင့် မြို့သားများအတွက် စွမ်းအင်ဝယ်လိုအား ကုန်ကျစရိတ်များကို လျော့ကျစေသည့် ထိရောက်သောနည်းလမ်းဖြစ်သည်။

(၅၅) အားလုံးအတွက် လုံလောက်ကောင်းမွန်သည့် ပြည်သူ့ဝန်ဆောင်မှုများ ရရှိနိုင်ပြီး ကျန်းမာသည့်လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်မည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် လေထုအရည်အသွေး ဆိုင်ရာလမ်းညွှန်ချက်များ၊ လူမှုရေး အခြေခံအဆောက်အဦနှင့် ဆိုင်ရာအချက်အလက်များ (ကျန်းမာရေးဝန်ဆောင်မှုများ၊ မွေးကင်းစကလေးသေဆုံးမှုနှင့် မိခင်သေဆုံးမှုများကို လျော့ချနိုင်ရေးအတွက် လုပ်ဆောင်နေသည့်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ) ကို ထည့်သွင်းစဉ်းစားသည့် သန့်ရှင်းသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(၅၆) ဝင်ငွေရရှိနိုင်မည့် အခွင့်အလမ်းများ ၊ တီထွင်ဆန်းသစ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် မြို့ပြစီးပွားရေးကို ဖြစ်ပေါ်စေသော အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရှိနေသည့် လုပ်သားအင်အားထုဖြင့် စီးပွားရေး ကုန်ထုတ်နိုင်စွမ်းကို မြင့်မားအောင် လုပ်ဆောင်မည်။ မြို့များနှင့် လူထုအခြေချနေထိုင်ရာ နေရာများတွင် အသက်ရှင်သန်ရေးအခွင့်အလမ်းများ၊ ကောင်းမွန်သည့် အလုပ်အကိုင်နှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် စီးပွားရေးကုန်ထုတ်နိုင်စွမ်းကို မြှင့်တင်မည်။

(၅၇) လူတိုင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် အသက်ရှင်ရပ်တည်ရေးဆိုင်ရာ အခွင့်အလမ်းများကို မြှင့်တင်နိုင်ရန် ကြိုးစားလုပ်ဆောင်မည်။ ဒုက္ခသည်များ၊ အဆင်းရဲဆုံးလုပ်သားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၊ နိုင်ငံရေးခိုလှုံသူများ၊ တိုင်းရင်းသားများနှင့် ဒေသခံလူ့အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များကို အထူးဦးစားပေးစဉ်းစားမည်ဖြစ်သည်။ တရားဝင် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းကောင်းများကို အားလုံးတပြေးညီရရှိစေရန် ဆောင်ရွက်မည်။

(၅၈) သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှု၊ အားလုံးအတွက် အကျိုးဖြစ်ထွန်းမှုဆိုင်ရာ စည်းမျဉ်းများကို အခြေခံပြီး ရင်းနှီးမြှုပ်နှံမှု၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်မှုတို့ကို မြှင့်တင်ပေးနိုင်သည့် တရားမျှတပြီး တာဝန်ခံမှုရှိသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခုကို ဖော်ဆောင်မည်။ အသေးစား၊ အလတ်စားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများ နှင့် သမဝါယမလုပ်ငန်းများ၊ တရားဝင်နှင့် ပုံကျစီးပွားရေးနယ်ပယ်များတွင် လုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်းများအပါအဝင် ပြည်တွင်းစီးပွားရေးအသိုက်အဝန်းအားလုံး ရင်ဆိုင်နေရသည့် စိတ်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ကြိုးစားမည်။

(၅၉) နိုင်ငံရေးအခြေအနေများအရ မြို့ပြစီးပွားရေးလုပ်ငန်းများသို့ ရောက်ရှိနေသည့် ရွှေ့ပြောင်းလုပ်သားများ၊ ပြည်တွင်းလုပ်သားများနှင့် အခမဲ့ခိုင်းစေခြင်းခံရသူများအပါအဝင် ပုံကျစီးပွားရေးနယ်ပယ်တွင် လုပ်ကိုင်နေရသော ဆင်းရဲသားလုပ်သားထု၏ ပါဝင်ဆောင်ရွက်မှုကို ကျွန်ုပ်တို့အသိအမှတ်ပြုသည်။ ၎င်းတို့၏ ဘဝရပ်တည်မှု၊ လုပ်ငန်းခွင်အခြေအနေ၊ ဝင်ငွေမဖူလုံမှု၊ ဥပဒေ နှင့် လူမှုရေး အကာအကွယ်၊ ကျွမ်းကျင်မှုရပိုင်ခွင့်နှင့် အခြားသော ပံ့ပိုးဝန်ဆောင်မှုများ၊ ၎င်းတို့၏ အသံနှင့် ကိုယ်စားပြုမှုများကို မြှင့်တင်သင့်ပေသည်။ မက်လုံးများနှင့် စည်းမျဉ်းများကို ပေါင်းစပ်ထားသည့် ဟန်ချက်ညီ ချဉ်းကပ်မှုဖြင့် လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တရားဝင်စီးပွားရေးနယ်ပယ်သို့ ကူးပြောင်းမှုကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ တချိန်တည်းမှာပင် ယင်းတို့၏လက်ရှိဘဝများကို ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်သည်။ တရားဝင် စီးပွားရေးနယ်ပယ်သို့


ဘာစီလိုနာ၊ စပိန်

ပြောင်းလဲရာတွင် ထူးခြားသည့်အမျိုးသားရေးအခြေအနေများ၊ ဥပဒေများ၊ မူဝါဒများ၊ အလေ့အထများ နှင့် ဦးစားပေးမှုများကိုလည်း ထည့်သွင်းစဉ်းစားမည်။

(၆၀) ထုတ်လုပ်မှုများ ပြောင်းလဲတိုးတက်မှုကဏ္ဍများ၊ နည်းပညာတိုးမြှင့်မှုများ၊ သုတေသနတီထွင် ဆန်းသစ်မှုများ၊ အရည်အသွေးမြင့်ပြီး လစာကောင်းသည့်အလုပ်အကိုင်များ၊ ယဉ်ကျေးမှုနှင့် အနုပညာလုပ်ငန်းများ၊ ရေရှည်တိုးတက်နိုင်သည့် ခရီးသွားလုပ်ငန်း၊ ဖျော်ဖြေမှုအနုပညာများနှင့် အမွေအနှစ်ထိန်းသိမ်းရေး လှုပ်ရှားမှုများမှတဆင့် မြို့ပြစီးပွားရေးများကို မြင့်မားသည့် ကုန်ထုတ်စွမ်းအားများအဖြစ် ပြောင်းလဲနိုင်အောင် ပံ့ပိုးကူညီမည်ဖြစ်သည်။

(၆၁) မြို့ပြပထဝီအရကွဲပြားမှုများကို ထိန်းညှိခြင်း၊ လူငယ်များ၏ ပညာရေးလက်လှမ်းမီမှုကို မြှင့်တင်ခြင်း၊ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း၊ ကုန်ထုတ်စွမ်းအားတိုးမြှင့်ရန်အတွက် အလုပ်အကိုင်များ ဖန်တီးခြင်း၊ မြို့ပြများနှင့် အခြေချနေထိုင်ရာဒေသများရှိ ဘုံအကျိုးစီးပွားများ ဖြစ်ထွန်းစေခြင်းစသည်တို့ကို လုပ်ဆောင်မည်။ မိန်းကလေးများနှင့် ယောကျ်ားလေးများသည် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးရာတွင် ပြောင်းလဲမှု အဓိကဖော်ဆောင်သူများဖြစ်သည်။ ယင်းတို့ကို နေရာပေးပါက သူတို့အတွက်သာမက ဆိုင်ရာလူ့အဖွဲ့အစည်းများအတွက်ပါ ကူညီပံ့ပိုးနိုင်သည့် အလားအလာရှိသူများဖြစ်သည်။ ယင်းတို့အတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် မြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော်ရာတွင် အရေးပါလာမည်ဖြစ်သည်။

(၆၂) သက်ကြီးရွယ်အို လူဦးရေများတိုးပွားလာမှုအတွက် ပေါ်ပေါက်လာမည့်လူမှုရေး၊ စီးပွားရေး နှင့် နေရာလွတ်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည်။ မြို့ပြလူဦးရေအတွက် ဘဝအရည်အသွေး မြင့်မားစေရန် ဆောင်ရွက်နေစဉ်၊ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လူဦးရေတိုးပွားလာမှုသည် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

## *(ဂ) သဘာဝပတ်ဝန်းကျင်အရ ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်သည့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု*

(၆၃) မြို့တော်များနှင့် လူထုနေထိုင်ရာဒေသများသည် အကျိုးမဲ့ပြီး ကုန်ဆုံးလွယ်သည့်စားသုံးမှု နှင့် ထုတ်လုပ်မှုဖြစ်စဉ်များ၊ ဇီဝမျိုးကွဲများ ဆုံးရှုံးမှု၊ ဂေဟစနစ်များအတွက် ဖိအားများ၊ ညစ်ညမ်းမှုများ၊ သဘာဝဘေးနှင့် လူကြောင့်ဖြစ်သောဘေးများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်အန္တရာယ်များစသည့် ခြိမ်းခြောက်မှုပေါင်းစုံကို ရင်ဆိုင်နေရသည်။ ယင်းခြိမ်းခြောက်မှုများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုပေါင်းစုံကို အဆုံးသတ်နိုင်ရန် ကြိုးစားအားထုတ်မှုများကို အားပျော့စေလျက်ရှိသည်။ မြို့များ၏ ပထဝီဝင်အနေအထားများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့် ကြိုးစားအားထုတ်မှုများ၊ ကမ္ဘာ့စီးပွားရေးတွင် အရေးပါသည့် အခန်းကဏ္ဍများ၊ သယံဇာတများသုံးစွဲမှုနှင့် ဂေဟစနစ်များ အကြောင်းကို အခြေခံ၍စဉ်းစားလျှင် ယင်းတို့ကို စီမံကိန်းဆွဲပြီး ဘဏ္ဍာငွေထောက်ပံ့ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ခြင်းနှင့် အုပ်ချုပ်စီမံခြင်းများသည် မြို့ပြနယ်နိမိတ်များကိုကျော်လွန်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအပေါ် တိုက်ရိုက် သက်ရောက်မှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

(၆၄) နိုင်ငံတကာ (အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ) ရှိ မြို့များတွင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးရွားသည့် အကျိုးသက်ရောက်မှုများ၊ ငလျင်လှုပ်ခြင်း၊ ပြင်းထန်သည့်ရာသီဥတုဖြစ်စဉ်များ၊ ရေကြီးခြင်း၊ မုန်တိုင်းများ၊ သဲမုန်တိုင်းများ၊ အပူလှိုင်းများ၊ ရေရှားမှုများ၊ မိုးခေါင်မှုများ၊ ရေနှင့်လေညစ်ညမ်းမှု၊ ကူးစက်ရောဂါများ၊ မြစ်ဝကျွန်းပေါ်၊ ကမ်းခြေဒေသနှင့် ကျွန်းနိုင်ငံငယ်များကို သက်ရောက်စေသည့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းများ စသည့် သဘာဝဘေးများနှင့် လူလုပ် ဘေးဒုက္ခများကို ကြုံတွေ့ရနိုင်သော အခြေအနေများ ရှိနေကြောင်း ကျွန်ုပ်တို့ သိမှတ်ရသည်။

(၆၅) မြို့ပြဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုများကို ကာကွယ်တိုးတက်စေပြီး လေထုညစ်ညမ်းမှုနှင့် ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လုပ်မှုကို လျော့နည်းစေသော၊ သဘာဝဘေးဖြစ်နိုင်ချေ လျော့ချရေး၊ မဟာဗျူဟာများနှင့် သဘာဝဘေးနှင့် လူလုပ်ဘေးဒုက္ခများကို ပုံမှန်စစ်ဆေးမှုများမှတဆင့် သဘာဝဘေးဖြစ်နိုင်ချေကို လျော့နည်းစေသည့် စီမံခန့်ခွဲမှုများကို ဖြစ်ပေါ်စေသော သဘာဝရင်းမြစ်ဆိုင်ရာ ရေရှည်စီမံခန့်ခွဲမှုပုံစံများကို မြို့တော်များတွင် ကျင့်သုံးနိုင်အောင်ကူညီမည်။ တချိန်တည်းမှာပင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာရှုထောင့်အရ ကောင်းမွန်သည့် မြို့ပြစီမံကိန်းများ၊ အခြေခံအဆောက်အဦးများ၊ ဝန်ဆောင်မှုများမှတဆင့်၊ လူတိုင်းအတွက် သက်သာချောင်ချိရေးနှင့် ဘဝအရည်အသွေးမြင့်မားရေး၊ စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်မည်။

(၆၆) ကျွန်ုပ်တို့အနေဖြင့် ဆန်းသစ်သည့်သယ်ပို့နည်းပညာများ၊ သန့်ရှင်းသည့် စွမ်းအင်နှင့် နည်းပညာများ၊ ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲခြင်းဆိုင်ရာ အခွင့်အလမ်းများကို အသုံးပြုမည့် ကောင်းမွန်သော စံမတ် မြို့ပြဖော်ထုတ်မှုပုံစံကို ကျင့်သုံးမည် ဖြစ်သည်။ ဤနည်းအားဖြင့် မြို့နေလူထုအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော ရွေးချယ်မှုများကို ပေးအပ်နိုင်ပြီး ယင်းတို့နေထိုင်ရာမြို့တော်များတွင်လည်း ဝန်ဆောင်မှုများ ပေးအပ်ခြင်းကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

(၆၇) မြို့တော်များအနေဖြင့် သဘာဝဘေးများ၊ ရာသီဥတုပြောင်းလဲမှု၊ ရေကြီးမှု၊ မိုးခေါင်မှု၊ အပူလှိုင်းများ၊ စသည်တို့ကို ခံနိုင်ရည်ရှိစေမည့် လုံခြုံဘေးကင်းပြီး ကျယ်ပြန့်သည့် အစိမ်းရောင်နယ်မြေများ ကွန်ယက်ကို ဖန်တီးထိန်းသိမ်းနိုင်စေရန် ပံ့ပိုးမည်။ အစားအစာနှင့် အာဟာရဖူလုံမှု၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ အိမ်အတွင်းအပြင် လေထု အရည်အသွေး၊ ဆူညံသံများ လျော့ချမှု စသည်တို့ကို ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်မည်။ နေပျော်သည့် မြို့တော်များ၊ မြို့ပြရှုခင်းများကို ပိုမိုထိန်းသိမ်းပြီး မျိုးသုဉ်းလုဖြစ်နေသော မျိုးစိတ်များကို ဦးစားပေးကာကွယ်မည်။

(၆၈) မြို့ပြမြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသနှင့် အခြားသော သဘာဝဒဏ်သင့်နိုင်သည့်နေရာများကို ဦးစားပေးစဉ်းစားမည်။ သယ်ပို့စနစ်၊ အစားအစာဖူလုံမှု၊ စီးပွားရေးဖြစ်ထွန်းမှု၊ ဂေဟစနစ်ဝန်ဆောင်မှုများအတွက် ယင်းတို့၏ အရေးပါမှုကို ဂေဟဗေဒစနစ်၏ အဓိကအရင်းအမြစ်များကို ပံ့ပိုးသူများအဖြစ် အသိအမှတ်ပြုမည်။ ယင်းအချက်များကို မြို့ပြနှင့်နယ်မြေဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများတွင် ထည့်သွင်းရေးဆွဲမည်။

(၆၉) မြို့တော်များကို ပံ့ပိုးနေသည့် ကမ်းရိုးတမ်းဒေသများ အပါအဝင် မြေယာများ၏ ဂေဟဗေဒ နှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များကို တိုးမြှင့်ထိန်းသိမ်းမည်။ ဂေဟဗေဒစနစ်၏ ပြန်လည်ကုစား

နိုင်စွမ်းကို ကျော်လွန်မသွားစေရန် ရေရှည်စားသုံးထုတ်လုပ်မှု ပုံစံများအတွက် ဂေဟဗေဒကို အခြေပြုသော ဖြေရှင်းချက်များကို ဖော်ထုတ်မည်။ မြို့ပြ ပြန့်ကျဲမှု၊ မလိုအပ်သော မြေယာသုံးစွဲမှု၊ စိုက်ပျိုးမြေဆုံးရှုံးမှု၊ ထိခိုက်လွယ်သည့် ဂေဟစနစ်များ ဆုံးရှုံးမှုတို့ကို ကာကွယ်နိုင်သော လုံလောက်သည့် မြို့ပြအိမ်ယာသိပ်သည်းမှုနှင့် မြို့ပြချဲ့ထွင်ခြင်းများကို ပေါင်းစပ်ထားသည့် ရေရှည် မြေယာအသုံးပြုမှုကို ဖော်ထုတ်မည်။

(၇၀) ကုန်စည်နှင့် အခြေခံဝန်ဆောင်မှုများ၊ ဒေသတွင်း ဖြန့်ဖြူးမှုကို ပံ့ပိုးမည်။ ရင်းမြစ်များနှင့် သယံဇာတ များကို ထိန်းညှိမည်။ စွမ်းအင်၊ ရေ၊ အစားအစာနှင့် အခြားဝေးကွာသည့် သယံဇာတရင်းမြစ်များအပေါ် မှီခိုလွန်းမှုသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပြီး ဝန်ဆောင်မှုဝယ်လိုအား ပျက်သုဉ်းခြင်းအထိ ရောက်ရှိတတ်သည်ကို သတိပြုမည်။ ဒေသတွင်းဖြန့်ဖြူးခြင်းသည် ဒေသခံများ အတွက် အကောင်းဆုံးဖြစ်ကြောင်းကိုလည်း ဂရုပြုမည်။

(၇၁) မြေ၊ ရေ (သမုဒ္ဒရာ၊ ပင်လယ်နှင့် ရေချို) စွမ်းအင်၊ သတ္တု၊ သစ်တောနှင့် အစားအစာ အစရှိသည် ရင်းမြစ်များ ရေရှည်စီမံခန့်ခွဲမှုကို ပိုမိုအားကောင်းလာအောင်ပြုလုပ်မည်။ သဘာဝပတ်ဝန်းကျင် အရ ကောင်းမွန်သော စီမံခန့်ခွဲမှု၊ အမှိုက်များ၊ အန္တရာယ်ရှိ ဓါတုပစ္စည်းများ၊ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုကို ရေတိုဖောက်ပြန်စေသည့် အရာများ၊ ဖန်လုံအိမ် ဓါတ်ငွေ့များနှင့် ဆူညံသံများကို ဦးစားပေး လျှော့ချနိုင်ရန် ကြိုးစားမည်။ မြို့ပြကျေးလက်ဆက်နွယ်ချက်နှင့် တန်ဖိုးများ အပြန်အလှန်စီးဆင်းမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု၊ ရေရှည်ရပ်တည်နိုင်မှုနှင့် စီးပွားရေးစက်ဝန်းများဆီသို့ ပြောင်းလဲတိုးတက်နိုင်အောင် ကြိုးပမ်းမည်။ ဂေဟစနစ်ထိန်းညှိခြင်း၊ ပြန်လည်ဖွံ့ဖြိုးခြင်း၊ စိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်လာအောင် ပပိုးမည်။

(၇၂) ရေအရင်းအမြစ် စီမံထိန်းသိမ်းမှုပါဝင်သည့် မြို့ပြနှင့်နယ်မြေ ရေရှည်စီမံကိန်းလုပ်ငန်းစဉ်များ နှင့် မြို့ပြဟင်းလင်းပြင်နေရာလွတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို၊ ဖော်ထုတ်မည်။ မြို့ပြကျေးလက် ပေါင်းစပ်မှုကို ဒေသတွင်းနှင့် ပြည်နယ်အလိုက်အနေအထားများအရ ဖော်ဆောင်မည်။ လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအကြား အပြန်အလှန်ပူးပေါင်းမှုကိုလည်း ရေရှည်စီမံကိန်းတွင် ထည့်သွင်းမည်။

(၇၃) ရေသုံးစွဲမှုကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မြို့ပြဆင်ခြေဖုံးနှင့် ကျေးလက်ဒေသများရှိ ရေအရင်းအမြစ်များကို ပြန်လည်တည်ဆောက်ခြင်း၊ ရေဆိုးပမာဏကို လျှော့နည်းစေခြင်း၊ ရေဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင်လုပ်ခြင်း၊ ပြန်လည် သုံးစွဲနိုင်သည့် ရေပမာဏကို တိုးမြှင့်ခြင်း၊ ရေသိုလှောင်မှုကို တိုးမြှင့်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ဖြည့်တင်းခြင်း၊ စသည့်နည်းလမ်းများဖြင့် ရေသံသရာလည်ခြင်းကိုပါ ထည့်သွင်းစဉ်းစားလုပ်ဆောင်မည်ဖြစ်သည်။

(၇၄) သဘာဝပတ်ဝန်းကျင်ရှုထောင့်အရကောင်းမွန်သည့် အမှိုက်စီမံခန့်ခွဲမှုနှင့် အမှိုက်ပမာဏ လျှော့ကျစေမှုကို အမှိုက်စွန့်ပစ်မှုလျှော့ခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် အသွင်ပြောင်းအသုံးပြုခြင်း၊ ဖို့မြေများကို နည်းပါးစေခြင်း၊ အသွင်မပြောင်းနိုင်သည့်အခါ သို့မဟုတ် သဘာဝပတ်ဝန်းကျင်အတွက် ရလဒ်ကောင်းမဖြစ်နိုင်သည့်အခါ အမှိုက်များကို စွမ်းရည်အဖြစ် ပြောင်းလဲခြင်း၊ စသည့်နည်းလမ်းများ ဖြင့် ဖော်ထုတ်မည်။ ကမ်းရိုးတန်းဒေသများတွင် ရေဆိုးစွန့် စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုပြီး ရေထုညစ်ညမ်းမှုကို လျှော့ချမည်။

(၇၅) ပြန်လည်ဖြည့်တင်းနိုင်ပြီး ရေရှည်သုံးစွဲနိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၊ စွမ်းအင်လုံလောက်သည့် အဆောက်အဦးများနှင့် ဆောက်လုပ်ရေးနည်းလမ်းများ၊ ဖော်ဆောင်နိုင်ရန်အတွက် အစိုးရနှင့် အုပ်ချုပ်မှုအာဏာပိုင်အဆင့်ဆင့်ကို အားပေးတိုက်တွန်းမည်။ မှန်လုံအိမ်ဓါတ်ငွေ့ထုတ်လုပ်မှု လျော့ကျစေပြီး ရေရှည်စားသုံးထုတ်လုပ်မှုပုံစံများကို ပေါ်ပေါက်စေမည်။ ကောင်းမွန်သည့်အလုပ်အကိုင်များကို ဖန်တီးပေးနိုင်သည့် စွမ်းအင်ထိန်းသိမ်းမှု လုပ်ငန်းများမှတဆင့် စွမ်းအင်ဝယ်လိုအား ကုန်ကျစရိတ်များကို လျော့ချပြီး လူထုကျန်းမာရေးကို မြှင့်တင်မည်။

(၇၆) သဘာဝသယံဇာတများကို ရေရှည်သုံးစွဲနိုင်ရန်နှင့် ကုန်ကြမ်းများနှင့် ကွန်ကရိ၊ သတ္တု၊ သစ်သား၊ တွင်းထွက်နှင့် မြေကြီးကဲ့သို့သော ဆောက်လုပ်ရေးသုံးပစ္စည်းများ ဖူလုံစေရေးအတွက် ကြိုးပမ်းမည်။ ပြန်လည်အသုံးပြုနိုင်သည့် ဘေးကင်းသောပစ္စည်းများ၊ ပြန်လည်အသုံးပြုခြင်းဆိုင်ရာ လုပ်ဆောင်ချက်များကို ဖော်ထုတ်မည်။ ခံကင်းစင်သည့် အိမ်သုတ်ဆေးများ၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့် ဒေသထွက်ပစ္စည်းများကို ပိုမိုသုံးစွဲပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ခိုင်မာသည့် အဆောက်အဦများကို ဖော်ဆောင်မည်။

(၇၇) အရည်အသွေးမြင့်အခြေခံအဆောက်အဦများ၊ နယ်မြေဒေသဆိုင်ရာ စီမံကိန်းများမှတဆင့် မြို့တော်များ၏ ကြံ့ခိုင်မှုကို မြှင့်တင်ရာတွင် ကျား/မ အသက်အရွယ်မခွဲခြားသော မူဝါဒများ၊ စီမံကိန်းများနှင့် ဂေဟစနစ်အခြေပြု ချဉ်းကပ်မှုများကို ၂၀၁၅-၂၀၃၀ သဘာဝဘေးလျော့ချရေးဆိုင်ရာ စံတိုင်းမူဘောင်နှင့်အညီ ဖော်ထုတ်လုပ်ဆောင်မည်။ အလုံးစုံပါဝင်သည့် သဘာဝဘေးလျော့ချရေး စီမံခန့်ခွဲမှုများကို အုပ်ချုပ်မှုအဆင့်တိုင်းအတွက် လုပ်ဆောင်မည်။ ပျံ့ကျဲရပ်ကွက်များ အပါအဝင် သဘာဝဘေးသင့်နိုင်သည့် နေရာများရှိ ဘေးသင့်နိုင်ချေကို လျော့ချမည်။ အိုးအိမ်များ၊ လူ့အဖွဲ့အစည်းများ၊ အဆောက်အဦးများနှင့် စည်းမျဉ်းစည်းကမ်းများ၊ ဝန်ဆောင်မှုများကို သဘာဝဘေးအန္တရာယ်များ၊ ခြိမ်းခြောက်မှုများ၏သက်ရောက်မှုများကိုလူသားတို့အနေဖြင့် လျှင်မြန်စွာပြင်ဆင်တုံ့ပြန်နိုင်ရေးအတွက် အားပေးကူညီမည်။ အားကောင်းသည့် အခြေခံအဆောက်အဦများဖော်ထုတ်ပြီး သဘာဝဘေး၏ သက်ရောက်မှုများနှင့် အန္တရာယ်များကို လျော့ကျစေမည်။ ကျူးကျော်နှင့် ပျံ့ကျဲရပ်ကွက်များကို ပြန်လည်ထူထောင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်မည်။ ယင်းရပ်ကွက်များကို သဘာဝဘေးဒဏ်များ ကြံ့ကြံ့ခံနိုင်ရန်အတွက် ဒေသအာဏာပိုင်များနှင့် ပူးပေါင်းကာ ပြန်လည်တည်ဆောက်မည်။

(၇၈) ကျွန်ုပ်တို့အနေဖြင့် သဘာဝဘေးဖြစ်မှတုန့်ပြန်လုပ်ဆောင်ခြင်းများထက် သဘာဝဘေးများ မဖြစ်မီကပင် လူထုအား ကြိုတင်အသိပေးတပ်လှန့်ထားခြင်းများ၊ သဘာဝဘေးဖြစ်နိုင်ခြေများကို လျှော့ချတားဆီးခြင်းနှင့် မဖြစ်မီကပင် ကြိုတင်ပြင်ဆင်ကာ ကြံ့ကြံ့ခံနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံခြင်းများပါဝင်သည့် လူ့အဖွဲ့အစည်းတိုင်းအတွက် သဘာဝဘေးအန္တရာယ် မျိုးစုံဆိုင်ရာကြိုတင်ပြင်ဆင်ရေး ချဉ်းကပ်မှုကို ဖော်ဆောင်မည်ဖြစ်သည်။ သဘာဝဘေးများ၊ လူတို့ကြောင့်ဖြစ်ပေါ်ရသည့် ဘေးများနှင့် ပဋိပက္ခများဒဏ်ကိုခံရသည့် လူများအတွက် လိုအပ်ချက်များကို အချိန်နှင့်တပြေးညီ ဖြည့်ဆည်းနိုင်ရန် အတွက်လည်း သေချာအောင်ပြင်ဆင်ဆောင်ရွက်မည်ဖြစ်သည်။ ခိုင်မာသည့် အဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင် နှင့် နေရာလွတ်များဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အတိတ်မှသင်ခန်းစာများ၊ လက်ရှိဘေးဒုက္ခဆိုင်ရာအတွေ့အကြုံများကို အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ရာ၌လည်းကောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ရှိ "ပိုကောင်းအောင် ပြန်လည်တည်ဆောက်ရေး" စည်းမျဉ်းများကို လက်တွေ့ကျင့်သုံးရာ၌လည်းကောင်း ပေါင်းစပ်အသုံးပြုမည်ဖြစ်ပါသည်။

(၇၉) မြို့တော်များနှင့်လူတို့အခြေချနေထိုင်ရာဒေသများရှိ လူသားတိုင်းအတွက် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို လျှော့ချရာတွင် လည်းကောင်း၊ ရာသီဥတုဆိုင်ရာလုပ်ဆောင်ချက်များကို နိုင်ငံတကာအဆင့်မှသည် ဒေသဆိုင်ရာ အဆင့်အထိ အဆင့်ဆင့်ဖော်ဆောင်ရာတွင် လည်းကောင်း အဓိကအကောင်အထည်ဖော်မည့်သူများအဖြစ် ပံ့ပိုးပေးသွား မည်ဖြစ်သည်။ သက်ဆိုင်ရာကဏ္ဍအားလုံးတွင် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချခြင်းနှင့် ဒဏ်ခံနိုင်အောင် တည်ဆောက်ခြင်းများအား ပံ့ပိုးပေးနိုင်ရန် ဆက်လက်ကူညီသွားမည်ဖြစ်သည်။ UNFCCC အရ ပြုလုပ်ခဲ့သည့် ပါရီသဘောတူညီချက်မှ ပန်းတိုင်များနှင့်အညီ အထက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဖြစ်ပြီး စက်မှုကုန်ထုတ်အဆင့်မတိုင်မီ (Pre-Industrial Level) အပူချိန်ကို (၂)ဒီဂရီ ဆဲလ်စီးယက်အောက် ထိန်းထားရန်နှင့် (၁.၅)ဒီဂရီအထိ လျှော့ချနိုင်ရန် ဆက်လက်လုပ်ဆောင်ခြင်းများလည်း ပါဝင်မည်ဖြစ်သည်။

(၈၀) မြို့တော်အဆင့် ရာသီဥတုဒဏ်ခံနိုင်မှုနှင့် စီမံကိန်းများ၊ မူဝါဒများနှင့် အစီအစဉ်များကို သတင်းအချက်အလက်များပေးအပ်နိုင်သည့် သက်ရောက်မှုဆိုင်ရာစစ်ဆေးချက်များ၊ ရေလတ်မှ ရေရှည်လိုက်လျောညီထွေ ပြောင်းလဲမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းစဉ်များကို ပံ့ပိုးမည်ဖြစ်သည်။ ဂေဟစနစ်အခြေပြု ပြုပြင်ပြောင်းလဲရေးများမှတဆင့် မြို့နေလူထုများ၏ ဒဏ်ခံနိုင်မှုကို မြှင့်တင်နိုင်သည့် လုပ်ဆောင်ချက်များလည်း ပါဝင်မည်ဖြစ်သည်။

# ထိရောက်သည့် အကောင်အထည်ဖော် ဆောင်ရွက်မှုများ

(၈၁) မြို့ပြလုပ်ငန်းစဉ်သစ်တွင် ချမှတ်ထားသည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာကတိကဝတ်များကို အကောင်အထည်ဖော်ခြင်းအတွက် အုပ်ချုပ်ရေးအဆင့်အသီးသီးတွင်မြို့ပြနေရာလွတ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် စီမံခန့်ခွဲမှုများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ထုတ်ဖော်ထားသည့် ထိရောက်သော အကောင်အထည်ဖော်ရေးဆိုင်ရာ နည်းလမ်းများ၊ စွမ်းဆောင်ရည် တိုးတက်စေရေး ကြိုးပမ်းမှုများ၊ စသည်တို့ပါဝင်ပေါင်းစပ်ထားသည့် ကောင်းမွန်သောမူဝါဒ ရေးရာမူဘောင်တခုလိုအပ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် အကောင်းဆုံးလုပ်ဆောင်ချက်များကို ဝေမျှခြင်း၊ မူဝါဒများနှင့်စီမံကိန်းများကို အစိုးရအဆင့်အသီးသီးကြား ဝေမျှခြင်း များလည်း လိုအပ်မည်ဖြစ်ပါသည်။

(၈၂) ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတကာနှင့်ဒေသတွင်းအဖွဲ့အစည်းများနှင့်ကုလသမဂ္ဂစနစ်ထဲတွင်ပါဝင်သည့် အုပ်ချုပ်ရေးပိုင်း မှအဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုပါတနာများ၊ နိုင်ငံတကာ နှင့် နိုင်ငံစုံပါဝင်သည့် ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုဘဏ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားသော ပါဝင်ဆောင်ရွက်သူများ စသည်ဖြင့် သက်ဆိုင်သူအားလုံးကို ဖိတ်ခေါ်ကာ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများနှင့် အစီအစဉ်များအားပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်စေပြီး မြို့ပြဖြစ်တည်မှုဖြစ်စဉ်ကို ရေရှည်တည်တံ့ရန်အတွက် ပေါင်းစပ်ချဉ်းကပ်မှုကို အသုံးပြုစေမည်ဖြစ်ပါသည်။ ထို့ပြင် မြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော်ခြင်းအား အဓိကထားလုပ်ဆောင်စေမည်ဖြစ်ပါသည်။


မွန်ထရီရယ်၊ ကနေဒါ - Songquan Deng ©
Saint-Gabriel

(၈၃) ဤနည်းအားဖြင့် ကုလသမဂ္ဂဖွဲ့စည်းပုံအောက်တွင် အားလုံးအကျုံးဝင်သော ပူးပေါင်းဆောင်ရွက်မှု နှင့် မြို့ပြရေရှည်ဖွံ့ ဖြိုးတိုးတက်မှုဧရိယာတွင် စုစည်းညီညွတ်မှုကို ပိုမိုတိုးမြှင့်ရန် လိုအပ်ချက်ကိုလည်း ကျွန်ုပ်တို့အနေဖြင့် အာရုံစိုက် လုပ်ဆောင်မည်ဖြစ်ပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ (၂၀၃၀) အစီအစဉ်၏ စာပိုဒ်ရေ (၈၈) အရ အလေးပေး ဖော်ပြထားသည့် မဟာဗျူဟာမြောက်စီမံကိန်း အကောင် အထည်ဖော်ခြင်းဆိုင်ရာမူဘောင်အတွင်း အထက်ပါလုပ်ဆောင်ချက်များကို ပြုလုပ်မည်ဖြစ်ပါသည်။

(၈၄) နိုင်ငံတကာဥပဒေ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို အဓိက ထားသည့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းတို့နှင့်မညီညွတ်သည့် မည်သည့်စီးပွားရေး၊ ဘဏ္ဍာရေး နှင့် ကုန်သွယ်ရေးဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု (သို့) လုပ်ဆောင်ချက်ကိုမဆို မပြုလုပ်ကြရန် နိုင်ငံတော်အစိုးရများအား ကျွန်ုပ်တို့အနေဖြင့် ပြင်းထန်စွာ တိုက်တွန်းထားပါသည်။

## *မြို့ပြအုပ်ချုပ်ရေးဖွဲ့ စည်းပုံကိုတည်ဆောက်ခြင်း-ကောင်းမွန်သည့်မူဘောင်တခုကို ရေးဆွဲချမှတ်ခြင်း*

(၈၅) ၂၁/၃၊၂၀ ရက်၊ဧပြီလ၊၂၀၀၇ခုနှစ်[15] နှင့်၂၂/၈၊၃ ရက်၊ဧပြီလ၊၂၀၀၉ခုနှစ်[16] UN-Habitat အုပ်ချုပ်ရေးကောင်စီက ကျင့်သုံးသည့် လူသားတိုင်းအတွက် အခြေခံ ဝန်ဆောင်မှုများ ရရှိနိုင်မှုနှင့် ဗဟိုချုပ်ကိုင်မှု ပပျောက်စေခြင်းဆိုင်ရာ နိုင်ငံတကာညွှန်ကြားချက်များတွင် ပါဝင်သော မဟာဗျူဟာများ နှင့် စည်းမျဉ်း စည်းကမ်းများကို ကျွန်ုပ်တို့ကအသိအမှတ်ပြုပါသည်။

(၈၆) နိုင်ငံတော်၊ ပြည်နယ်အစိုးရ၊ ဒေသခံအုပ်ချုပ်ရေးအာဏာပိုင်များနှင့်သက်ဆိုင်သည့် စည်းမျဉ်း ဆိုင်ရာမူဘောင်များက ပံ့ပိုးထားသော ပေါင်းစပ်ဖွံ့ ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများ၏ အစိတ်အပိုင်းအနေဖြင့် မြို့ပြနှင့်နယ်မြေဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ပင်မရေစီးအနေဖြင့် လုပ်ဆောင် နိုင်အောင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြို့ပြမူဝါဒများတွင် မြို့ပြလုပ်ငန်းစဉ်သစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းအား ထည့်သွင်းမည်။ ယင်းတို့အား ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသည့် ဘဏ္ဍာရေးယန္တရားများနှင့်လည်း သေချာစွာ ချိတ်ဆက်စေမည်ဖြစ်သည်။

(၈၇) အုပ်ချုပ်ရေးအဆင့် အသီးသီးကြား ကဏ္ဍစုံအကြံပေးညှိနှိုင်းရေး ယန္တရားများမှတဆင့် ပိုမို အားကောင်းစွာ ပူးပေါင်းဆောင်ရွက်လာနိုင်စေရန် ကျွန်ုပ်တို့အနေဖြင့် လုပ်ဆောင်မည်ဖြစ်သည်။ အုပ်ချုပ်မှုအဆင့်တိုင်းအတွက် ရင်းမြစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာအားသာချက်များကို တိကျစွာသတ်မှတ်မည်ဖြစ်သည်။

(၈၈) ကဏ္ဍအလိုက်မူဝါဒများဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ပန်းတိုင်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်မှု၊ မြေယာသုံးစွဲမှု၊ အစားအစာနှင့်အဟာရဖူလုံမှု၊ သဘာဝသံယံဇာတများ စီမံခန့်ခွဲမှု၊ ပြည်သူ့ဝန်ဆောင်မှုများ၊ ရေနှင့်သန့်ရှင်းမှု၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်၊ စွမ်းအင်၊ အိုးအိမ်နှင့် ရွှေ့ပြောင်းမှုဆိုင်ရာမူဝါဒများ၊ နိုင်ငံရေးဆိုင်ရာအုပ်ချုပ်မှုအဆင့်အသီးသီးနှင့် အုပ်ချုပ် မှုဆိုင်ရာနယ်ခြား အဖွဲ့အစည်းများကြား စုစည်းမှုနှင့် စည်းလုံးမှုများ ရရှိစေမည်ဖြစ်သည်။ မြို့ပြဖြစ်ထွန်းမှုအတွက် ပေါင်းစပ်ချဉ်းကပ်မှုများကို အင်အားကောင်းစေရန်နှင့် ပေါင်းစပ်မြို့ပြနှင့်နယ်မြေ စီမံကိန်းဆိုင်ရာ

[15] ၆၂ ကြိမ်မြောက် အထွေထွေညီလာခံ တရားဝင်မှတ်တမ်း၊ ဖြည့်စွက်ချက် နံပါတ် ၈ (အေ/ ၆၂/ ၈), နောက်ဆက်တွဲ (၁) ကြည့်ရန်။
[16] အလားတူ ၆၄ကြိမ်မြောက်၊ အခန်း ၆၄၊ ဖြည့်စွက်ချက် နံပါတ် ၈ (အေ/၆၄/၈), နောက်ဆက်တွဲ ၁၅

မဟာဗျူဟာများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် သင့်လျော်လည့် လုပ်ဆောင်ချက်ဇရိယာများကိုလည်း ထည့်သွင်းစဉ်းစားမည်။

(၈၉) တန်းတူညီမျှမှုနှင့် မခွဲခြားရေးစည်းမျဉ်းများကိုအခြေခံပြီး ပိုမိုအားကောင်းသည့်အစိုးရများ ပေါ်ပေါက်လာစေရန် အတွက် ဥပဒေနှင့်မူဝါဒရေးရာ မူဘောင်များကို ချမှတ်မည်ဖြစ်သည်။ ယင်းတို့အနေဖြင့်နိုင်ငံတော် မြို့ပြမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ တာဝန်ခွဲခြားရေးစည်းမျဉ်းအရ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ ဗဟိုဦးစီးစနစ် ပပျောက်ရေးကို ပိုမိုသေချာစေရန်အတွက် အထက်ပါအစိုးရများကို မူဝါဒများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအဖြစ် ပြောင်းလဲမည်ဖြစ်သည်။

(၉၀) ဒေသတွင်းနှင့် မြို့တော်အဆင့်ပေါင်းစုံ ထိရောက်သည့် အုပ်ချုပ်မှုများဖြစ်ပေါ်လာစေရန် အတွက် ပြည်နယ်နှင့် ဒေသအာဏာပိုင်အစိုးရများ၏ စွမ်းဆောင်ရည်ကို ပိုမိုအားကောင်းအောင် ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတော် ဥပဒေများနှင့် အညီ ပံ့ပိုးမည်။ လုပ်ဆောင်ချက်နယ်ပယ်အလိုက် ယင်းတို့အားမူဝါဒများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်စေမည်။ အရေးပါသည့် မြို့ပြ၊ မြို့တော်နှင့်ပြည်နယ် ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့် လုပ်ပိုင်ခွင့်နှင့် ရင်းမြစ်များ ကိုလည်း ပေးအပ်ထားမည်။ ကြွေးမြီရေရှည်စီမံခန့်ခွဲမှု အပါအဝင် စိတ်ချရသည့် ဘဏ္ဍာရေး ယန္တရားများနှင့် ဥပဒေမူဘောင်များ ပါဝင်သောမြို့ပြအုပ်ချုပ်ရေးများကို တိုးတက်တည်ဆောက်မည်။ အမျိုးသမီးများ၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု၊ နယ်ပယ်စုံတွင် သာတူညီမျှဖြစ်ခွင့်နှင့် ဒေသအာဏာပိုင်အဖွဲ့တွင် ဆုံးဖြတ်ချက် ချမှတ်သူနှင့် မူဝါဒ ချမှတ်သူများအဖြစ်ပါဝင်မှုများကို ပိုမိုမြှင့်တင်မည်ဖြစ်သည်။

(၉၁) ဒေသလိုအပ်ချက်များကို ဖြည့်တင်းနိုင်ရန်အတွက် ဒေသအာဏာပိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်ဥပဒေနှင့် မူဝါဒများနှင့်အညီ ယင်းတို့၏ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံများကို ဆုံးဖြတ်ရာတွင် ကျွန်ုပ်တို့က ပံ့ပိုးမည် ဖြစ်သည်။ အခြားအဖွဲ့အစည်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့နှင့် အခြေခံဝန်ဆောင်မှု များနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် သင့်လျော်သည့်စည်းမျဉ်း မူဘောင်များနှင့် ပံ့ပိုးမှုများကို ကျွန်ုပ်တို့က ပေးအပ်မည်ဖြစ်သည်။ သို့မှသာ ပြည်သူ့အကျိုးစီးပွားကို ထိန်းသိမ်း ထားနိုင်မည်ဖြစ်ပြီး တိကျသည့်ပန်းတိုင်များ၊ တာဝန်ဝတ္တရားများနှင့် တာဝန်ခံမှုဆိုင်ရာ ယန္တရားများကိုလည်း သတ်မှတ်နိုင်မည် ဖြစ်သည်။

(၉၂) မြို့ပြနှင့်နယ်မြေမူဝါဒများနှင့် စီမံကိန်းချမှတ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ကျား/မ အသက်အရွယ် မခွဲခြားသည့် ချဉ်းကပ်မှုများဖြင့် ဆောင်ရွက်နိုင်အောင် ကျွန်ုပ်တို့အနေဖြင့် ပူးပေါင်းမြှင့်တင်မည်ဖြစ်သည်။ စိတ်ကူးမှသည် ဒီဇိုင်း၊ ဘတ်ဂျက်၊ အကောင်အထည်ဖော်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း စသည့်စီမံကိန်းလုပ်ငန်းစဉ်များတွင် အစိုးရအဖွဲ့ အသီးသီးနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ရမှုများပါဝင်နေသည်။ ရင်းမြစ်ပြည့်ဝပြီး တာရှည်ခံသည့် ယန္တရားများနှင့် ပလက်ဖောင်းများကို ပူးပေါင်းဆောင်ရွက်ခြင်းများနှင့် အားလုံးအတွက် အကြံပြုခြင်းများကို ပေးအပ်နိုင်ကြစေရန် ထည့်သွင်းထားရှိမည်ဖြစ်သည်။ သတင်းအချက်အလက် နည်းပညာနှင့် အချက်အလက်များကိုလည်း ထည့်သွင်းအသုံးပြုမည်ဖြစ်သည်။

## *မြို့ပြမြေယာ (ဟင်းလင်းနေရာလွတ်နယ်မြေ) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း*

(၉၃) ၂၅/၆၊ ၂၃ ရက် (၂၀၁၅)ခုနှစ် ဧပြီလ[17] တွင် ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အစည်းအဝေးတွင် UN-Habitat အုပ်ချုပ်မှု ကောင်စီကချမှတ်ခဲ့သည့် မြို့ပြနှင့်နယ်မြေစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ နိုင်ငံတကာ လမ်းညွှန် ချက်များတွင် ပါဝင်သည့် မြို့ပြနှင့်နယ်မြေ စီမံကိန်းဆိုင်ရာ မဟာဗျူဟာများနှင့် စည်းမျဉ်းများကို ကျွန်ုပ်တို့ အနေဖြင့် အသိအမှတ်ပြုပါသည်။

(၉၄) စီးပွားရေးယှဉ်ပြိုင်မှု၊ မြင့်မားသည့်ဘဝအရည်အသွေးနှင့် ရေရှည်ခံသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေတိုလိုအပ်ချက် (နှင့်ရေရှည်လိုလားချက်များ) ကြား ဟန်ချက်ညီမှုအား ရည်ရွယ်သည့် ပေါင်းစပ်စီမံကိန်းကို ကျွန်ုပ်တို့ အကောင်အထည်ဖော်မည်ဖြစ်သည်။ အချိန်နှင့်အမျှ ပြောင်းလဲနေသည့် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အခြေအနေများနှင့် အညီ တိုးတက်ပြောင်းလဲနိုင်စေရန် ကျွန်ုပ်တို့၏ အစီအစဉ်များကို အလိုက်သင့်ပြောင်းလဲနိုင်စေရန် ကြိုးပမ်းမည်ဖြစ်သည်။ ထိုအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ပြီး စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။ နည်းပညာအရ တီထွင်ဆန်းသစ်မှုများ ဖြစ်ပေါ်လာစေရန်နှင့် ပိုမိုကောင်းမွန်သည့် လူမှုဝန်းကျင်တစ်ခု ပေါ်ပေါက်လာစေရန်တို့အတွက် အရှိန်မြှင့် အားထုတ်မည်ဖြစ်သည်။

(၉၅) ဗဟိုစင်တာများဖြင့် ပေါင်းစပ်ဖွဲ့စည်းပါဝင်မှုနှင့် မျှခြေအနေအထားရှိနေသည့် နယ်မြေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းအား ကျွန်ုပ်တို့အနေဖြင့် ပံ့ပိုးမည်ဖြစ်ပါသည်။ အရွယ်အစား ကွဲပြားခြားနားသည့် မြို့များနှင့် လူတို့နေထိုင်ရာနေရာများကြား မြို့ငယ်များ၊ မြို့လတ်များ၏အခန်းကဏ္ဍကို မြှင့်တင်ပေးပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ကူညီမှုများ တိုးတက်လာစေရန် အစားအစာနှင့်အဟာရဖူလုံရေး အစီအစဉ်များ၊ သက်သာကောင်းမွန်ပြီး ဘေးကင်းကြံ့ခိုင်ကာ တန်ဖိုးသင့်သည့် အိုးအိမ်များ၊ အခြေခံအဆောက်အအုံများ၊ဝန်ဆောင်မှုများကိုပေးအပ်ခြင်းအားဖြင့်ပိုမိုအားကောင်းစေမည်ဖြစ်သည်။ ကျေးလက်-မြို့ပြ ဆက်နွှယ်မှုမှတဆင့် အသေးစား လယ်ယာလုပ်ငန်းရှင်များနှင့် ငါးလုပ်ငန်းရှင်များအား ဒေသအဆင့်မှသည် နိုင်ငံတကာအဆင့်ထိရှိနေသော တန်ဖိုးများ အပြန်အလှန်စီးဆင်းမှုနှင့်ဈေးကွက်များ စသည်တို့နှင့်ချိတ်ဆက်ပေးမည်။ မြို့ပြလယ်ယာလုပ်ငန်း၊ ဒေသတွင်း ဖူလုံစွာ စားသုံးထုတ်လုပ်မှု၊ အစားအစာဖူလုံရေးအတွက် အရေးပါသည့်ဒေသဈေးကွက်နှင့် ကုန်သွယ်မှုများကို ပိုမိုလွယ်ကူအောင် ပြုလုပ်ပေးခြင်းအားဖြင့် လူမှုရေးအရ အပြန်အလှန် ဆက်နွှယ်မှုများကိုလည်း ပိုမိုအားကောင်းလာစေရန် ပံ့ပိုးမည်ဖြစ်သည်။

(၉၆) မြို့တော်၏ဝန်းကျင်နှင့် မြို့တော်တွင်း အစီအစဉ်များအပါအဝင် မြို့ပြနှင့် နယ်မြေဒေသ ရေရှည်စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားပေးကူညီမည်။ မြို့ပြဧရိယာ အရွယ်အစားအမျိုးမျိုး၊ ဆင်ခြေဖုံးနှင့် ကျေးလက် ပတ်ဝန်းကျင်ဒေသများ၊ နယ်စပ်ဖြတ်ကျော်ရသည့်ဒေသများကြား အပြန်အလှန် ဆက်သွယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားပေးမည်ဖြစ်သည်။ စီးပွားရေး ကုန်ထုတ်စွမ်းအားကို တိုးတက်စေသည့် ဒေသတွင်း အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများကို အောင်မြင်အောင် ကူညီမည်ဖြစ်သည်။ ကျေးလက်-မြို့ပြ

[17] အလားတူ အကြိမ် (၇၀) မြောက်၊ အခန်း ၇၀၊ ဖြည့်စွက်ချက် နံပါတ် ၈ (အေ/၇၀/၈) နောက်ဆက်တွဲ

ဆက်နွယ်ချက်မှတဆင့် ဒေသများကြား တပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ကူညီမည်ဖြစ်သည်။ ထိုသို့ ကျေးလက်-မြို့ပြ အပြန်အလှန် ဆက်နွယ်ဆောင်ရွက်မှုများနှင့် လုပ်ဆောင်ချက်နယ်ပယ်များနှင့် မြို့ပြ ဒေသများအပေါ်တွင် အခြေခံသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ယန္တရားများကို ထိရောက်သည့် လက်နက်များအဖြစ်သုံးပြီး မြူနီစီပယ်နှင့် မြို့တော်အုပ်ချုပ်ရေး တာဝန်များကို ထမ်းဆောင်စေကာ ပြည်သူ့ဝန်ဆောင်မှုများကို ဖြန့်ဝေစေပြီး ဒေသတွင်းနှင့်ပြည်တွင်း တိုးတက်မှု နှစ်ခုလုံးကို မြှင့်တင် နိုင်မည်ဖြစ်သည်။

(၉၇) စီမံကိန်းဖြင့် စနစ်တကျ မြို့တိုးချဲ့ခြင်း၊ မြို့တွင်း(သိပ်သည်းမှုနည်းသည့်)နေရာများတွင် ကွက်လပ်ဖြည့်ခြင်း၊ မြို့ပြပြန်လည်ဆန်းစစ်ခြင်း၊ ပြန်လည်ရှင်သန်စေခြင်းနှင့် အားဖြည့်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်ပြီး ပျံ့ကျဲလူနေရပ်ကွက်များ အဆင့်မြှင့်တင်ပေးခြင်းအား ပါဝင်စေလျက် အရည်အသွေးမြင့်အဆောက်အဦများ၊ အများပြည်သူအတွက် အပန်းဖြေမြေနေရာများဖြင့် ဖြည့်ဆည်း ဆောင်ရွက်မည်။ ထိုသို့ဆောင်ရွက်ရာတွင် နေထိုင်သူများနှင့် သက်ဆိုင်သူများအားလုံးမှ ပေါင်းစပ်ပါဝင် စေသည့်နည်းလမ်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် နယ်မြေဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားကွဲပြားကွာခြား ခြင်းများ ဖြစ်ပေါ်မှုမှ ရှောင်ရှားနိုင်ပြီး တစ်ဖက်တွင် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ ထိန်း သိမ်းစောင့်ရှောက်မှုပြုနိုင်သကဲ့သို့ မြို့ပြပြန့်ကားကြီးထွားမှုကိုလည်း တားဆီးနိုင်မည်ဖြစ်သည်။

(၉၈) စီမံကိန်းဖြင့် မြို့တိုးချဲ့ခြင်းအပါအဝင် တည်ဆောက်ရန်လွယ်ကူသော(equitable), သဘာဝရင်းမြစ်များနှင့် မြေသယံဇာတကို ရေရှည်အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်သော၊ မြို့ဗဟိုခွဲများ ပါဝင်သော၊ သင့်တော်သည့် သိပ်သည်းမှု နှင့်ချိတ်ဆက်ဖွဲ့စည်းမှု ကျစ်လစ်အားကောင်းသော၊ တည်ဆောက်ထားသည့် မြို့ကွက်ကို လူမှုရေးနှင့် စီးပွားရေး ပေါင်းစပ် ဖွဲ့စည်းပါဝင်စေပြီး အဆိုပါမြေနေရာများအား အမျိုးမျိုးသောအသုံးပြုမှုများ ပြုလုပ်နိုင်သောအချက်များ ပါဝင်သည့် မူဘောင်နည်းလမ်းများပေါ်တွင် အခြေခံပြီး မြို့ပြနှင့်နယ်မြေ ပေါင်းစပ်စီမံကိန်းကို လုပ်ဆောင်မည်။ ဤနည်းအားဖြင့် မြို့ပြပြန့်ကားကျယ်ပြန့်လာခြင်းကို ဟန့်တားနိုင်ပြီး တစ်နေရာမှတစ်နေရာသို့ သွားလာဆက်သွယ်မှုဆိုင်ရာ စိန်ခေါ်မှုများကို လျော့ချနိုင်ပြီး မြို့ပြဝန်ဆောင်မှုများ ဖြန့်ဖြူးရခြင်းသည် လူတစ်ဦးအတွက် ကုန်ကျစရိတ်ကိုလည်း လျော့ချနိုင်မည်။ မြို့ပြစီးပွားရေးအရွယ်အစားပမာဏကို မထိခိုက်စေဘဲ ထိန်းချုပ်နိုင်သော မြို့ကြီးပြကြီးအဖြစ်သို့ သင့်လျော်စွာ ဖြစ်ပေါ်စေပါသည်။

(၉၉) လူသားတိုင်းအတွက် တတ်နိုင်စွမ်းရှိသည့် အိမ်ရာဆိုင်ရာရွေးချယ်မှုများရှိသော ပေါင်းစပ်ဖွဲ့စည်းမှုရှိသည့် လူမှုရေး အသိုက်အဝန်းကို အခြေခံကျသည့် ဝန်ဆောင်မှုများနှင့် အများပြည်သူအတွက်ဒေသများ အပါအဝင် လုံခြုံမှုနှင့် ဘေးကင်းမှုကိုပါ ဖန်တီးပေးနိုင်သည့် မြို့ပြ စီမံကိန်းဆိုင်ရာ မဟာဗျူဟာကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပံ့ပိုးမည်။ မတူကွဲပြား သည့် လူမှုရေးနှင့် မျိုးဆက်များကြား အပြန်အလှန်ဆက်သွယ်မှု၊ ပေါင်းစပ်မှုကို စသည့် လုပ်ဆောင်ချက် များအား ပိုမိုအားပေးမည်။ ဝန်ဆောင်မှုပေးအပ်ရာတွင် မညီမျှမှုနှင့် အကြမ်းဖက်မှု ဒဏ်ခံနေရသည့် မြို့ပြနေရာများရှိ လူ့အဖွဲ့အစည်းများအတွက် လုပ်ငန်းကျွမ်းကျင်မှုများ၊ သင့်လျော်သည့်သင်တန်းနှင့် ပံ့ပိုးမှုများကိုလည်း ပေးအပ်မည်။

(၁၀၀) လူတိုင်းအတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လိင်အခြေပြုမှုခင်းများအပါအဝင် မှုခင်းနှင့် အကြမ်းဖက်မှု များမှ ကင်းစင်ပြီး အဆင့်မြင့်သည့်လမ်းများနှင့် အများပြည်သူ အပန်းဖြေနိုင်သည့်



အစိမ်းရောင်နယ်မြေများ ပါဝင်သည့် ကောင်းမွန်စွာဒီဇိုင်းထုတ်ထားသည့် လုံခြုံစိတ်ချရသော ကွန်ရက်များကို တည်ဆောက်နိုင်အောင် ပံ့ပိုးမည်။ လမ်းနှင့်တပြေးညီဖြစ်သည့် အဆောက်အအုံများကို ကောင်းမွန်သော စီးပွားရေးလုပ်ငန်း အသုံးပြုမှုဖြင့် အတိုင်းအတာ များအား လူ့တန်ဖိုးများကို ထည့်သွင်းစဉ်းစားအသုံးပြုစေမည်။ အများပြည်သူ အပန်းဖြေရာနေရာများသို့ အများပြည်သူမှ စုရုံးစုဝေးနိုင်ပြီး တရားဝင်/ ပုံကျ ဈေးများနှင့်ကုန်သွယ်မှုများကို ပေါ်ပေါက်စေမည်။ အလုပ်လုပ်ကိုင်နိုင် စွမ်းနှင့် ကျန်းမာ ကြံ့ခိုင်ရန်အတွက် စက်ဘီးစီးခြင်းများကိုလည်း တွန်းအားပေး ဆောင်ရွက်စေမည်။

(၁၀၁) သဘာဝဘေးလျော့ချမှုများနှင့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေပြုခြင်းများ၊ လျော့ချခြင်းများအား ကျား/မ-အသက်အရွယ် မခွဲခြားသည့် မြို့ပြနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံကိန်းလုပ်ငန်းစဉ်များတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်မည်ဖြစ်သည်။ ယင်းတို့တွင် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်ခြင်း၊ တာရှည်ခံပြီး သဘာဝဘေးဒဏ်ခံနိုင်သည့် ဧရိယာများ၊ ဒီဇိုင်းများ၊ အဆောက်အအုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက် အအုံများ၊ သဘာဝအခြေခံ ဖြေရှင်းချက်များပါဝင်သည့် အမျိုးမျိုးသောကဏ္ဍများကြား ပူးပေါင်းလုပ်ဆောင်မှုကို မြင့်မားစေပြီး သဘာဝဘေးခံရမှုဒဏ်မှ လျော့ချစေမည်။ လက်ရှိနှင့် အနာဂတ်ကာလတွင် သဘာဝဘေးစိစစ် လေ့လာချက်ပြုလုပ်ခြင်း စသည့် တုန့်ပြန်မှုဆိုင်ရာစီမံကိန်း များအား အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သည့် ဒေသ အာဏာပိုင်များ၏ စွမ်းရည်ကို မြင့်မားစေမည်ဖြစ်သည်။ သဘာဝဘေးများအတွက် မမျှော်မှန်းနိုင်သော ကိစ္စရပ်များနှင့် ရွှေ့ပြောင်း နေရာချထားနိုင်သည့် လုပ်ငန်းစဉ်များအတွက် လုံလောက်သောအစီအစဉ်များ ချမှတ်မည်။

(၁၀၂) မြို့ပြစီမံကိန်းနှင့်ဒီဇိုင်းရေးဆွဲခြင်းအတွက် ပြည်ထောင်စုအဆင့်၊ တိုင်းအဆင့်နှင့် ဒေသအဆင့် အသီးသီးရှိ မြို့ပြစီမံကိန်းရေးဆွဲသူများ၏ စွမ်းရည်မြှင့်တင်ရေးသင်တန်းများပေးနိုင်ရန်အတွက်လည်း ကြိုးပမ်းမည်ဖြစ်သည်။

(၁၀၃) မြို့ပြလုံခြုံမှု၊ ရာဇဝတ်မှုနှင့်မှုခင်းများ ကင်းစင်မှု၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုကို ဖယ်ရှားနိုင်ရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် လမ်းစဉ်ကို ချမှတ်မည်ဖြစ်သည်။ မြို့ပြမဟာဗျူဟာနှင့် ရှေ့ဦးလုပ်ငန်းစဉ် များကို ချမှတ်ရာတွင် ကျူးကျော်အိမ်ရာများကိုပါ ထည့်သွင်းစဉ်းစားမည်ဖြစ်ပြီး ပြည်သူ့လုံခြုံမှုကို တည် ဆောက်ရာတွင် ယဉ်ကျေးမှုနှင့် ထိခိုက်လွယ်သည့် အခြားအချက်များ၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှု များတားဆီးရေး မူဝါဒများ၊ လုံခြုံရေးကို ခြိမ်းခြောက်နေသည့် လူစုများတည်ရှိနေမှုကို တားဆီး တုန့်ပြန် ခြင်း များကိုပါ ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

(၁၀၄) ဥပဒေလိုအပ်ချက်များအား ခိုင်မာသော စီမံခန့်ခွဲရေးမူဘောင်များနှင့် တာဝန်ခံမှုရှိသော မြေယာမှတ်ပုံတင်ခြင်း နှင့် အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများဖြင့် မြှင့်တင်လုပ်ဆောင်မည်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ပွင့်လင်း မြင်သာသည့် မြေယာအသုံးပြုမှုနှင့် စီမံခန့်ခွဲမှု၊ ပိုင်ဆိုင်မှုမှတ်ပုံတင် ခြင်းနှင့် ကောင်းမွန်သည့် ဘဏ္ဍာရေးစနစ်များကိုပါ အသုံးပြုရမည်ဖြစ်သည်။ ဒေသအာဏာပိုင်များနှင့် အခြားတာဝန်ရှိသူများအား မြေယာနှင့်ပတ်သက်သည့် အခြေခံ အချက်အလက်များ (မြေယာ မှတ်ပုံတင်၊ ရာဖြတ်ခြင်း၊ အန္တရာယ်လမ်းညွှန်မြေပုံ၊ မြေနှင့် အိမ်ဈေးနှုန်းမှတ်တမ်း) မျိုးစုံဖြင့် ကူညီမည်ဖြစ်သည်။ သို့မှသာ ဝင်ငွေ၊ လိင်၊ အသက်၊ လူမျိုး၊ တိုင်းရင်းသား၊ ရွှေ့ပြောင်းမှုအခြေအနေ၊ မသန်စွမ်းမှု၊

ပထဝီအနေအထားနှင့် အခြားသက်ဆိုင်သည့်အချက်များကို တိကျစွာပြုစုနိုင်မည် ဖြစ်သည်။ ယင်းတို့မှာ မြေယာ တန်ဖိုးပြောင်းလဲမှုများကို စစ်ဆေးရာတွင် လိုအပ်သည့်အချက်အလက်များ ဖြစ်ပြီး မြေအသုံးချမှုဆိုင်ရာ ခွဲခြားရေး မူဝါဒများအတွက် အသုံးပြုမည်မဟုတ်ပေ။

(၁၀၅) လုံလောက်သည့် လူနေမှုအဆင့်တန်း ရပိုင်ခွင့်အစိတ်အပိုင်း တစ်ခုဖြစ်သော အိုးအိမ်ပိုင်ဆိုင်ခွင့်ကို ရရှိစေရန် ဆောင်ရွက်မည်ဖြစ်သည်။ အဆင့်တိုင်းအတွက် အိုးအိမ်မူဝါဒများချမှတ်ပြီး ခွဲခြမ်းရေး စည်းမျဉ်းများအရ မဟာဗျူ ဟာမြောက်အကောင်အထည်ဖော်မှုအသီးသီးတွင် စည်းလုံးညီညွတ်မှုကို ရရှိစေရန်နှင့် မြေယာမူဝါဒများ၊ အိုးအိမ်ဝယ်လို အားများအတွက် အဆင်ပြေချောမွေ့စေရန် လုပ်ဆောင်မည် ဖြစ်သည်။

(၁၀၆) လူမှုရေးပါဝင်မှု၊ စီးပွားရေးထိရောက်မှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်မှုဆိုင်ရာစည်းမျဉ်းများ အရ အိုးအိမ်မူဝါဒ များကို မြှင့်တင်မည်။ လုံလောက်သည့်အခြေခံအဆောက်အအုံများရှိသော မြို့လယ် စုပေါင်းနေရာများအပါအဝင် ဈေးသင့်သည့် အိမ်ရာများရရှိနိုင်ရေးအတွက် နိုင်ငံတော်သယံဇာတများကို ထိရောက်စွာ သုံးနိုင်ရန် ပံ့ပိုးမည်ဖြစ်သည်။ လူမှုရေး ပေါင်းစည်းမှုနှင့် ပါဝင်မှုကို ပိုမိုတိုးတက်လာစေရန် ဝင်ငွေရောနှောသည့် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားပေးမည်ဖြစ်ပါသည်။

(၁၀၇) အိမ်ငှားနှင့် အခြားသောပိုင်ဆိုင်ခွင့်အခြေအနေများ၊ တအိမ်တည်းပူးပေါင်းနေထိုင်ခြင်း များ၊ လူထုမြေယာ အဖွဲ့အစည်းများ၊ အခြားသောစုပေါင်းမြေယာပိုင်ဆိုင်သည့် ပုံစံများစသည့် အခြေအနေအမျိုးမျိုးကို မြှင့်တင်ပေးနိုင်သည့် ဘဏ္ဍာရေးပုံစံများ၊ ယန္တရားများနှင့် ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်နိုင်ရန် အားပေးတိုက်တွန်းမည်။ ဝင်ငွေနိမ့်လူတန်းစားများအတွက် အိုးအိမ်ဝယ်လိုအားများကို မြှင့်တင်နိုင်မည့် လူများနှင့် လူ့အဖွဲ့အစည်းများ၏လိုအင်ကို ဖြေရှင်းနိုင်ရန်အတွက်လည်း အထက်ပါမူဝါဒများ လိုအပ်သည်။ အိမ်ယာကွဲပြားခြင်း၊ အင်အားသုံး ပြောင်းရွှေ့ခံရခြင်း၊ ရွှေ့ပြောင်းခြင်းများကို ကာကွယ်ရန်နှင့် သိက္ခာရှိသည့် ပြန်လည်တည်ဆောက်ရေး အခြေအနေများအတွက် အထက်ပါမူဝါဒများလိုအပ်သည်။ (ကျူးကျော်များနှင့် တရားမဝင်အိမ်ရာများ အဆင့်မြှင့်သည့် အစီအစဉ် များတွင် ကိုယ်တိုင်ဖြစ်သလို တည်ဆောက်ကြသည့် တိုးပွားလာနေသော ကျူးကျော်အိမ်ရာများ ပါဝင်သည်။) ထိုသို့ ပြန်လည်နေရာ ချထားရေးအခြေအနေများတွင် ကျူးကျော်အိမ်ရာများနှင့် နည်းစနစ်မဲ့ ကိုယ်တိုင်တည်ဆောက် ကြသောအိမ်ရာများအား အနီးကပ်စနစ်ဖြင့် အထူးအလေးထားပြီး အဆင့်မြှင့်တင်ပေးမည်ဖြစ်ပါသည်။

(၁၀၈) အိုးအိမ်မူဝါဒများ ပေါ်ပေါက်လာစေရန်ပံ့ပိုးမည်။ ယင်းတို့ကို ဒေသတွင်းပေါင်းစပ်အိမ်ရာဆိုင်ရာ ချဉ်းကပ်မှုကို ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ အိုးအိမ်များကြားဆက်စပ်မှုများကို ဖြေရှင်းခြင်း၊ လူအသိုက်အဝန်းမှ ဖယ်ကျဉ်ခံရခြင်းနှင့် ကွဲပြားသွားခြင်းများကို ကာကွယ်ခြင်းအားဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် အိုးမဲ့အိမ်မဲ့ဖြစ်မှု နှင့် ရာဇဝတ်နယ်မြေအဖြစ်သို့ ရောက်ရှိရမှုများအား ရေရှည်တိုးတက်နိုင်မည့် အိမ်ရာပထမ အစီအစဉ်များဖြင့် တိုက်ဖျက်ရန် ကြိုးစား မည်ဖြစ်သည်။

(၁၀၉) ကျူးကျော်နှင့် ပျံ့နှံ့နေထိုင်မှုများကို တားမြစ်ရန်နှင့် အဆင့်မြှင့်တင် သဘာဝတရားနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုး တိုးတက်မှုများသာမက ကျော်လွန်ရေးဆွဲထားသောမဟာဗျူဟာများဖြင့် ပြုစုထား

သော လူသားအရင်းအမြစ်နှင့် ဘဏ္ဍာရေးသတ်မှတ်ချက်များ မြှင့်တင်ရေးကို ထည့်သွင်းစဉ်းစားမည်။ သို့မှသာ ကျူးကျော်နှင့်ပျံ့နှံ့ နယ်မြေများသည် လည်း မြို့တော်၏လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး အခန်းကဏ္ဍများတွင် ဝင်ရောက်ပါဝင်နိုင်မည် ဖြစ်ပါသည်။ တတ်နိုင်လျှင် ယင်းမဟာဗျူဟာများတွင် စဉ်ဆက်မပြတ် ထိန်းသိမ်းရေး၊ လုံလောက်မှုရှိရေး၊ လုံခြုံရေး၊ တစ်နိုင်တစ်ပိုင် အိမ်ရာထူထောင်နိုင်ရေး၊ အခြေခံလူမှု ဝန်ဆောင်မှုများနှင့် ဘေးကင်းလွယ်ကူ၍ စိမ်းလန်းစိုပြေသော အဆင့်မီ ပြည်သူ့ရင်ပြင်များ စသည်တို့ပါဝင်သင့်သည်။ လုပ်ပိုင်ခွင့် လုံခြုံမှုရှိစေခြင်း စနစ်ကျစေခြင်း၊ ပဋိပက္ခမဖြစ်အောင် ကာကွယ်ခြင်း၊ ကြားဝင်ဖျန်ဖြေခြင်း စီမံချက်များကိုပါ တိုးမြှင့်သင့်သည်။

(၁၁၀) ကျူးကျော်နှင့် ပျံ့ကျနေထိုင်နေထိုင်သူဦးရေအချိုးကို လျော့ချနိုင်ရန်အတွက် အလုံးစုံပါဝင်၍ ပွင့်လင်း မြင်သာသော စောင့်ကြည့်အသိပေးရေးစနစ်များကို သတ်မှတ်ရန်နှင့် ခိုင်မာတောင့်တင်းစေရန် ကြိုးပမ်းအားထုတ်ရာတွင် ကျူးကျော်နှင့် ပျံ့ကျနေထိုင်မှု အခြေအနေများကို တိုးတက်ဖွံ့ဖြိုးရေး (ယခင်) စီမံချက်မှ ရရှိသော အတွေ့အကြုံများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

(၁၁၁)အိမ်ရာစီမံချက်လုံလောက်၍အတည်ပြုနိုင်သောစည်းမျဉ်းစည်းကမ်းများဖွံ့ဖြိုးတိုးတက်ရေးတွင် ခံနိုင်ရည် ရှိသော အဆောက်အဦးသတ်မှတ်ချက် စံချိန်၊ စံညွှန်းများ၊ တည်ဆောက်ပြုပြင်မှုပါမစ်၊ မြေယာအသုံးချရေး ဥပဒေ စည်းမျဉ်းများနှင့် ပြဋ္ဌာန်းချက်များနှင့် အရောင်းအဝယ်စျေးကစားခြင်း၊ ဖယ်ရှားခြင်း၊ အိုးမဲ့အိမ်မဲ့ပြဿနာ၊ စည်းကမ်းမဲ့ အဓမ္မအိမ်ရာနှင်ထုတ်ခြင်း အစရှိသော စီမံကိန်းစည်းမျဉ်းစည်းကမ်းများ၊ ရေရှည်တည်တံ့ခိုင်မြဲခြင်း၊ အရည်အသွေး၊ ငွေရေးကြေးရေး တတ်နိုင်မှုရှိခြင်း၊ ကျန်းမာရေး၊ လုံခြုံရေး၊ အလွယ်တကူ အသုံးပြုနိုင်ရေး၊ စွမ်းအင်နှင့် ရင်းမြစ်လုံလုံ လောက်လောက်ရှိမှု၊ ခံနိုင်ရည်ရှိမှု စသည်တို့ကိုပါ တိုးမြှင့်လုပ်ဆောင်ရမည်။ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ တိကျသောအတိုင်းအတာများကို ထည့်သွင်းစဉ်းစားလျက် အိမ်ယာအထောက်အကူပြုပစ္စည်းများ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အမျိုးသားအဆင့်၊ လက်အောက်ခံ အမျိုးသားအဆင့်၊ ဒေသဆိုင်ရာ အဆင့်ရှိ အဆင့်မြင့်၊ အချိန်မီ၊ ယုံကြည်ရသော အချက်အလက်အမျိုးမျိုး စသည် အခြေပြုသော လိုအပ်ချက်များကိုပါ တိုးမြှင့်လုပ်ဆောင်ရမည်။

(၁၁၂) လစာနိမ့်ပြည်သူများ၏ အိမ်ယာလိုအပ်ချက်အတွက် ဖြေရှင်းပေးသည့် လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် မဟာဗျူဟာ၏ အဓိကအချက်များဖြစ်သော အိမ်ယာနှင့် ပြည်သူ့လိုအပ်ချက်များနှင့်အတူ မြို့ပြစနစ်မှ ကင်းကွာသော အပယ်ခံနှင့် ခွဲခြားချက်အိမ်ယာ ဖွံ့ဖြိုး တိုးတက်မှုကို ရှောင်ရှားရန်အတွက် အတွင်းကောင်း၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော အိမ်ယာစီမံကိန်းဖြစ်မြောက်ရေးကို အဓိက ဦးစားပေးရမည်။

(၁၁၃) လမ်းပန်းဆက်သွယ်ရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့အတွက် အခြေခံစီမံကိန်းများနှင့် ဒီဇိုင်းကိုပါ တိုးတက်အကောင်အထည်ဖော်ရမည် ဖြစ်သည်။ စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်ချက်များနှင့်အတူ ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေးအတွက် ကုလသမဂ္ဂ၏ ဆယ်စုနှစ်စီမံချက်ကို လိုက်နာလျက် အမျိုးသမီး၊ မိန်းမငယ်၊ ကလေးသူငယ်၊ လူငယ်လူရွယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းနှင့် အရေးကြီး ပုဂ္ဂိုလ်များ လုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ရမည်။ အချိန်မရွေးပေါ်ပေါက်လာနိုင်သော ကျန်းမာရေးပြဿနာ အထူးသဖြင့်



tကလေး ကစားကွင်းများ၊ မြန်မာ - Saw Htee Way Khaing/UN-Habitat ©

ထိခိုက်ဒဏ်ရာ ကြိုတင်ကာကွယ်ခြင်း၊ ရောဂါကူးစက်ပျံ့ပွားမှုမရှိစေရေးအတွက် စက်ဘီး/ ဆိုင်ကယ်လမ်း နှင့် လူသွားလမ်း လုံခြုံစိတ်ချမှုကို တိုးမြှင့်ရန် ပေါ်လစီနှင့် စီမံကိန်းများ ထိရောက်စွာ ချမှတ် အကောင်အထည်ဖော်ရမည်။ ထို့ပြင် စက်ဘီး/ ဆိုင်ကယ် လုံခြုံရေးအတွက် (အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်) ကမ္ဘာလုံးဆိုင်ရာ မော်တော်ဆိုင်ကယ်ကြောင့် အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှုနှုန်း အချိုးအစားမညီမျှစွာ တိုးတက်လာနေမှုကို ထုတ်ဖော်လျက် စက်ဘီး/ ဆိုင်ကယ် လုံခြုံရေးကို ထိရောက်သော ဥပဒေနှင့် ပေါ်လစီများ ချမှတ်အကောင်အထည်ဖော်ရမည်။ ပထမဦးစားပေး အနေဖြင့် ကျောင်းနေအရွယ်ကလေးများ ကျန်းမာလုံခြုံစွာကျောင်းတက်နိုင်ရေးကို အထူးတိုးမြှင့် လုပ်ဆောင်မည်။

(၁၁၄) မြို့များနှင့် လူနေအိမ်ယာများတွင် စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်လျက် ပြည်သူလူထုအတွက် လုံခြုံစိတ်ချရပြီး အသက်အရွယ်မရွေး အသုံးပြုရန်လွယ်ကူ၍ စဉ်ဆက်မပြတ် မြို့ပြလမ်းပန်းဆက်သွယ်ရေးနှင့် ကုန်လမ်း/ရေလမ်း စနစ်ကို မြို့ပြနှင့် နယ်မြေ အသီးသီးရှိ လမ်းပန်းဆက်သွယ်ရေးနှင့် ကူးသန်းသွားလာရေး စီမံချက်များ အကောင်အထည်ဖော်ခြင်းဖြင့် တိုးမြှင့်ဆောင်ရွက်ရမည်။ အထူးသဖြင့်

*(က)* စက်တပ်ယာဉ်အသုံးမပြုသည့် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းစသည့် ပြည်သူ့လမ်းပန်း ဆက်သွယ်ရေးအတွက် လုံခြုံစိတ်ချရပြီး လွယ်ကူသက်သာလုံလောက်သော အခြေခံ စီမံကိန်း များကို အထူးတိုးမြှင့်လုပ်ဆောင်ခြင်း၊ သီးသန့် စက်တပ်ယာဉ် အသုံးပြုခြင်းအစား စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်းတို့ကို ဦးစားပေးလုပ်ဆောင်ခြင်း၊
*(ခ)* ဆင်းရဲသား၊ ဝင်ငွေတည်ငြိမ်မှု မရှိသူများ၊ အလုပ်သမားများ ဖယ်ရှားရှင်းလင်းမှု နည်းနိုင်သမျှ နည်းအောင် ပြုလုပ်ပေးသည်။ Transit Oriented Development (TOD) အား တပြေးညီ ချမှတ်ပေးခြင်း။

*(ဂ)* လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလာရေးစရိတ်ကို လျော့ချပေးရန် ဦးတည်၍ ပိုမိုကောင်းမွန်၍ သင့်တင့်သော ကုန်းလမ်းခရီးအသုံးပြုမှု စီမံကိန်း မြို့ပြ၊ အရံမြို့ပြ၊ ကျေးလက်တော ရွာတို့ကြား ဆက်သွယ်မှုတို့အတွက်ကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း (အထူးသဖြင့် ကမ်းရိုးတန်းတည် မြို့နယ်များနှင့် ကျွန်းနေဖွံ့ဖြိုးဆဲ နိုင်ငံများအတွင်း ရေလမ်း ခရီးနှင့် စက်တပ်ယာဉ် စီမံကိန်းများ ပါဝင်သည်။

*(ဃ)* ကုန်စည်နှင့် ဝန်ဆောင်မှု လုံလုံလောက်လောက် ရရှိနိုင်ရေးအတွက် မြို့ပြပို့ကုန် စီမံကိန်းနှင့် ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှု ထောက်ပံ့ခြင်း၊ မြို့ပြနေထိုင်မှုနှင့် ပတ်ဝန်းကျင် အကျိုးသက်ရောက်မှုကို လျော့ချပေးခြင်း၊ ၎င်းနေရာများတွင် နေထိုင်သူများ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုတွင် တတပ်တအား ပါဝင်ဆောင်ရွက်လာအောင် အားပေးခြင်း၊

(၁၁၅) နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာ အဆင့်ရှိ အများဆိုင်ရာ မူဘောင်များနှင့် ယန္တရားများကို တိုးမြှင့်ခြင်း၊ ပတ်ဝန်းကျင်စီးပွားရေး၊ လူမှုရေး အဖွဲ့အစည်း၊ လူမှုအဆင့်အတန်း၊ သွားရေးလာရေးအဆင်ပြေမှု၊ ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းခြင်း၊ ပြည်သူ့ကျန်းမာရေး၊ ရာသီဥတုအပြောင်းအလဲနှင့် အခြားသောအကျိုး သက်ရောက်မှုများ ပါဝင်သည့် မြို့ပြနှင့်

မြို့တော်နယ်နိမိတ်တွင်း လမ်းပန်းဆက်သွယ်ရေး စီမံကိန်း၏ အကျိုးရလဒ်များကို အကဲဖြတ် စိစစ်ခြင်းများကိုလည်း လုပ်ဆောင်မည်ဖြစ်သည်။

(၁၁၆) အဆိုပါ ယန္တရားများနှင့် အခြေခံမူဘောင်များ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပျက် ပွင့်လင်းမြင်သာသော အဆင့်သတ်မှတ်ခြင်းနှင့် မြို့တော်များနှင့် မြို့တွင်းနေရာများတွင် လမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှု စဉ်ဆက်မပျက်ရေးအတွက် နိုင်ငံတော်အဆင့် မြို့ပြ လမ်းပန်းဆက်သွယ်ရေးပေါ်လစီချမှတ်ကာ အကောင်အထည်ဖော်မည် ဖြစ်သည်။ ၎င်းတွင် လမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှုကို မျှဝေအသုံးချနိုင်မည့် နည်းပညာသစ်များအပါအဝင် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများကြားရှိ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်သော ပဋိညာဉ်ဆိုင်ရာ ဆက်ဆံရေး တိုးမြှင့်လုပ်ဆောင်ချက်များလည်း ပါဝင်သည်။ ထို့ပြင် ပြည်သူ့ အကျိုးစီးပွား အာမခံချက်ပေးခြင်း၊ ကိုယ်ပိုင်အခွင့်အရေးကာကွယ်ခြင်းနှင့် အပြန်အလှန် တာဝန်ယူမှုဖြစ်သည့် အချက်အလက် စီမံခန့်ခွဲရေးလည်း ပါဝင်သည်။

(၁၁၇) စဉ်ဆက်မပြတ် မြို့ပြနှင့် မြို့တွင်း လမ်းပန်းဆက်သွယ်ရေးစီမံကိန်းများမှတဆင့် အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဒေသဆိုင်ရာအဆင့်ရှိ မူဝါဒ ချမှတ်ရေးမူဘောင်နှင့် အပြန်အလှန် နားလည်ရေး စီမံချက်ရှိ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်စပ်စီမံကိန်းဌာနများကြား ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်မည်ဖြစ်သည်။ ရေရှည် ဖွံ့ဖြိုးတိုးတက်နိုင်သည့် မြို့ပြနှင့်မြို့တော်သယ်/ပို့ ရွှေ့ပြောင်းအစီအစဉ်များမှတဆင့် အထက်ပါအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် စွမ်းရည်နှင့် ဗဟုသုတများကို ပြည်နယ်အစိုးရနှင့် ဒေသအာဏာပိုင်များအား ကျွန်ုပ်တို့က ပံ့ပိုးမည်။

(၁၁၈) သက်ဆိုင်ရာအစိုးရများကို ဘဏ္ဍာရေးစည်းမျဉ်းများ ဖော်ထုတ်ချဲ့ထွင်နိုင်ရန် တိုက်တွန်းမည်၊ MRT စနစ် ပေါင်းစပ်သယ်/ပို့ စနစ်များ၊ လေကြောင်းနှင့် မီးရထားလမ်း စနစ်များ၊ ဘေးကင်းလုံခြုံသည့် လူသွားလမ်းနှင့် စက်ဘီးလမ်းများ သယ်/ပို့နှင့် ပို့ဆောင်ရေးစနစ်များတွင် ယာဉ်ကြောကြပ်ခြင်းနှင့် ညစ်ညမ်းမှုများကို လျော့ချနိုင်သည့် နည်းပညာအခြေပြု တီထွင်ဖန်တီးမှုများ စသည့် သယ်/ပို့နှင့် ရွှေ့ပြောင်း စနစ်များနှင့် အခြေခံ အဆောက်အအုံများကို တိုးတက်ဖန်တီးနိုင်အောင် အားပေးကူညီမည်။

(၁၁၉) ရေဘေးသင့်မှုများမှ ရှောင်ရှားနိုင်ပြီး ကျန်းမာရေးအတွက် အာမခံနိုင်သည့် လူတိုင်းအတွက် ဘေးကင်း လုံလောက်သည့် သောက်သုံးရေ သန့်ရှင်းမှုစနစ်များရရှိနိုင်ရန်၊ အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေများတွင် အမျိုးသမီး များ၏ လိုအပ်ချက်နှင့် လုံခြုံမှုကို ဦးစားပေးသည့် ကူးစက်ရောဂါ တိုက်ဖျက်ရေးကို ဆောင်ရွက်နိုင်ရန် စသည် တို့အတွက် တာရှည်ခံပြီး အလွယ်တကူရရှိနိုင်သည့် အခြေခံအဆောက်အအုံနှင့် ရေ၊ သန့်ရှင်းမှု၊ အညစ်အကြေးနှင့် အမှိုက်စွန့်ခြင်း ဆိုင်ရာ စီမံခန့်ခွဲမှု၊ မြို့ပြရေဆင်းစနစ်၊ လေထုညစ်ညမ်းမှု လျော့ချခြင်းနှင့် မုန်တိုင်း/ဒီရေ စီမံခန့်ခွဲမှုတို့အတွက် လုံလောက်သည့် ရင်းနှီးမြှုပ်နှံမှုများကို ကျွန်ုပ်တို့အနေဖြင့် မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါအခြေခံ အဆောက်အအုံသည် ရာသီဥတုဒဏ်ခံနိုင်ပြီး အိုးအိမ်နှင့် ရွှေ့ပြောင်းမှုအပါအဝင် မြို့ပြနှင့် နယ်မြေဖွံ့ဖြိုး တိုးတက်မှု စီမံကိန်းများ၏ တစိတ်တပိုင်းအဖြစ် ပါဝင်မည်ဖြစ်သည်။ ဆန်းသစ်ပြီး ရင်းမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်သော သက်ဆိုင်ရာ အခြေအနေနှင့် လိုက်လျောညီထွေရှိသော၊ ယဉ်ကျေးမှုအရ တာရှည်ခံနိုင်မည်ဖြစ်သော အချက်များကို အထက်ပါအခြေခံအဆောက်အအုံအား စုပေါင်းအကောင်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်းစားမည်။


Abuja, နိုင်ဂျီးရီးယား

(၁၂၀) တာရှည်ခံ ရေအရင်းအမြစ်စီမံခန့်ခွဲမှု စနစ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရေနှင့် သန့်ရှင်းမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားလုပ်ဆောင်မည်ဖြစ်သည်။ မြို့ပြအခြေခံ အဆောက်အအုံဆိုင်ရာ ဝန်ဆောင်မှုများ ရေရှည်ပြုပြင်ထိန်းသိမ်းခြင်းများလည်း ပါဝင်မည်။ ဤသို့ဆောင်ရွက်ရာတွင် မညီမျှမှုများကို ပပျောက်အောင် လုပ်ဆောင်ရန်အတွက် စွမ်းရည်မြှင့်တင်မှုများ နှင့် သန့်ရှင်းသော သောက်သုံးရေနှင့် လုံလောက်သည့် မိလ္လာစနစ်များကို လူတိုင်းတန်းတူရရှိနိုင်အောင် တိုးတက်လုပ်ဆောင်မည်။

(၁၂၁) လုံလောက်သည့် စွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ဖော်ထုတ်ခြင်းမှတဆင့် ဈေးနှုန်းသင့်တင့်ပြီး ယုံကြည်ရသည့် ခေတ်မီစွမ်းအင်ဝန်ဆောင်မှုများ အားလုံးကို လက်လှမ်းမီစေရန် လုပ်ဆောင်မည်။ ယင်းစွမ်းအင် ဝန်ဆောင်မှုများကို အခြေခံအဆောက်အအုံများနှင့် အစိုးရရုံးများတွင် အသုံးပြုနိုင်အောင် ပြည်နယ်အစိုးရ များနှင့် ဒေသအာဏာပိုင်များအား ကူညီမည်။ လူနေအိမ်များ၊ စီးပွားရေး အဆောက်အအုံများ၊ စက်မှုလုပ်ငန်းများ၊ သယ်/ပို့၊ မိလ္လာနှင့် သန့်ရှင်းစနစ်များ စသည့် ကဏ္ဍများတွင် အစိုးရများမှ သက်ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ဥပဒေများဖြင့် ထိန်းချုပ်ပြီး အဆိုပါ ခေတ်မီစွမ်းအင် ဝန်ဆောင်မှုများကို ထုတ်ယူသုံးစွဲခြင်း၊ အသစ်ပြန်လည် တိုးမြှင့်သတ်မှတ်နိုင်သည့် ရည်မှန်းချက်များ ချမှတ်ခြင်း၊ စွမ်းအင်အရည်အသွေး အကဲဖြတ်ခြင်း၊ ကောင်းမွန်သည့် စွမ်းအင်ရည်မှန်းချက်များ ပြည့်မီရန်အတွက် စွမ်းအင်ကဏ္ဍရှိလက်ရှိအဆောက်အအုံများနှင့် နိုင်ငံတော် ပံ့ပိုးမှုဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်နိုင်အောင် အားပေးတိုက်တွန်းမည်။ စမတ်ဂရစ်ကွက်များ၊ ခရိုင်စွမ်းအင်စနစ်များနှင့် စွမ်းအင်သိုက်ဝန်း အစီအစဉ်များကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်လုံလောက်မှုကြား ဆက်စပ်မှုကို မြှင့်တင်နိုင်ရန် ဦးစားပေးဖော်ဆောင်မည်။

(၁၂၂) တာရှည်ခံမည့် အမှိုက်စီမံခန့်ခွဲမှု စနစ်များကို လူတိုင်းလက်မှတ်မီနိုင်ရန်အတွက် အမှိုက်စွန့်ပစ်ခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပတ်သက်ပြီး ဗဟိုချုပ်ကိုင်မှု လျော့ကျစေရန် ပံ့ပိုးမည်။ ပိုမိုကောင်းမွန်သည့် ထုတ်ကုန် ဒီဇိုင်းများမှတဆင့် ပြန်လည်အသုံးပြုနိုင်သည့်နှုန်းကို မြှင့်တင်ခြင်း၊ အမှိုက်စီးကြောင်းများ၏ လူမှုစီးပွား သက်ရောက်မှု များနှင့် အန္တရာယ်များကို လျော့ကျစေခြင်း၊ မြို့ပြအမှိုက်စီမံခန့်ခွဲမှု စနစ်များအား ဘဏ္ဍာငွေ ထောက်ပံ့မှုများတွင် ပါဝင်သည့် အမှိုက်စွန့်ထုတ်နေသူ ကုန်ထုတ်လုပ်ငန်းရှင်များ အပါအဝင် အမှိုက်စွန့်သူ/ထုတ်သူ က တာဝန်ယူရမည် ဆိုသည့် အစီအစဉ်ကို ပိုမိုမြှင့်တင်နိုင်ရန် အားပေးကူညီမည်။

(၁၂၃) ဝေးမွတ်မှုနှင့် အာဟာရမပြည့်ဝမှုများကို အဆုံးသတ်နိုင်ရန် မြို့ပြနှင့် နယ်မြေစီမံကိန်းများတွင် ပါဝင်သည့် ဆင်းရဲသား မြို့နေလူတန်းစားများအတွက် အာဟာရလိုအပ်ချက်နှင့် အစားအစာ လုံခြုံမှုကို ပေါင်းစပ်ပေးနိုင်ရန် မြှင့်တင်လုပ်ဆောင်မည်။ စားသောက်အကြွင်းအကျန်များ မရှိစေရန်နှင့် ပြန်လည်သုံးစွဲနိုင်ရန်၊ အစားအစာ ဆုံးရှုံးမှုများ လျော့ချနိုင်ရန် စားသုံးသူများအတွက် စားသောက်ကုန်စည်များကို ထုတ်လုပ်/သိုလှောင်/ပို့ဆောင်/ဈေးကွက်တင် ဖြန့်ဖြူးရာတွင် လွယ်ကူချောမွေ့စေရန် ကူညီသည်။ မြို့ပြ၊ ဆင်ခြေဖုံးနှင့် ကျေးလက်ဒေသများအတွင်း အစားအစာ ရေရှည်ဖူလုံမှုနှင့် စိုက်ပျိုးရေးမူဝါဒများ ပူးပေါင်းလုပ်ဆောင်နိုင်အောင် ပံ့ပိုးကူညီမည်။ အစားအစာမူဝါဒများနှင့် စွမ်းအင်၊ ရေကျန်းမာရေး၊ သယ်ပို့၊ စွန့်ပစ်ဆိုင်ရာမူဝါဒများအား ပေါင်းစည်းဆောင်ရွက်ခြင်း၊ အပင်မျိုးဗီဇများ ထိန်းသိမ်းခြင်းနှင့် အန္တရာယ်ရှိ ဓာတုဗေဒဆေးဝါးများ သုံးစွဲမှုလျော့ချခြင်း အစရှိသည်တို့ကို မြို့ပြဧရိယာများတွင် လုပ်ဆောင်နိုင်အောင် ကူညီခြင်းအားဖြင့် အစားအစာ ဖူလုံမှုမြင့်မားစေပြီး အလေအလွင့် နည်းပါးစေမည်ဖြစ်သည်။

(၁၂၄)စီမံကိန်းစည်းမျဉ်းများ ချမှတ်ရာတွင် မြို့ပြစီမံကိန်းနှင့် မဟာဗျူဟာများ၏ဦးစားပေးအစိတ်အပိုင်း အဖြစ် ယဉ်ကျေးမှုကို ထည့်သွင်းမည်။ ဤစီမံကိန်းစည်းမျဉ်းများတွင် အထူးစီမံကိန်း၊ ဇုန်ခွဲခြားခြင်း၊ လမ်းညွှန်ချက်များ၊ အဆောက်အအုံ ဥပဒေများ၊ ကမ်းရိုးတန်းစီမံခန့်ခွဲမှု မူဝါဒများ၊ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရှုမျှော်ခင်းများကို ကာကွယ် စောင့်ရှောက်သည့် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများလည်း ပါဝင်မည် ဖြစ်သည်။ ယင်းတို့သည် မြို့ပြဖွံ့ဖြိုးတိုးတက်မှု၏ ဖျက်ဆီးနိုင်သည့် အလားလာရှိသော သက်ရောက်မှုများမှ ကာကွယ်မည်ဖြစ်သည်။

(၁၂၅) မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ယဉ်ကျေးမှု အမွေအနှစ်များကို အရှိန်အဟုန်မြှင့် ပံ့ပိုးမည်ဖြစ်သည်။ တာဝန်ယူမှုနှင့် ပါဝင်ဆောင်ရွက်မှုများကို မြှင့်တင်ရာတွင် ယဉ်ကျေးမှု၏ အခန်း ကဏ္ဍကို အသိအမှတ်ပြုမည်။ လေးလေးစားစား ပြန်လည်ပြုပြင်မွမ်းမံခြင်းမှတဆင့် တန်းဖိုးမြင့်အောင် တည်ဆောက်ပြီး ဗိသုကာအထိမ်းအမှတ်များနှင့် နယ်မြေများကို ရေရှည်ထိန်းသိမ်းအသုံးပြု နိုင်အောင် စီစဉ်ဆောင်ရွက်မည်။ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာစကားများကို ကာကွယ်ပေးခြင်းများနှင့်ဆိုင်သော ဗဟုသုတများကို ခေတ်မီနည်းပညာများ/ နည်းလမ်းများသုံး၍ ဖြန့်ဝေရာတွင် လူပုဂ္ဂိုလ်များ ဒေသခံလူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် မည်။

## *အကောင်အထည်ဖော်ရေးနည်းလမ်းများ*

(၁၂၆) မြို့ပြစီမံကိန်းအသစ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပြု ပတ်ဝန်းကျင်၊ သိပ္ပံနှင့် နည်းပညာ ဆိုင်ရာ ထိရောက်သော အကောင်ထည်ဖော်ရေးနည်းလမ်းများ၊ ဆန်းသစ်ပြောင်းလဲခြင်းများ အပြန်အလှန် သဘောတူ ညီမှုဖြင့် မျှဝေခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းနှင့် ဘဏ္ဍာရေးရင်းမြစ်စုဆောင်းရေး စသည်တို့လိုအပ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံ များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကတိကဝတ်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ကမ္ဘာလုံးဆိုင်ရာအဆင့်၊ ဒေသဆိုင်ရာ အမျိုးသားရေးနှင့် လက်အောက်ခံ အမျိုးသားရေးအဆင့်နှင့် ပြည်တွင်းအဆင့်ရှိ ရိုးရာ သယံဇာတများနှင့် ဆန်းသစ်သယံဇာတများကို ထုတ်ယူသုံးစွဲရမည်။ သာတူညီမျှမှုရှိရေး၊ အဆင့်အတန်း အသားအရောင်မခွဲခြားရေး၊ တာဝန်ခံနိုင်မှု၊ လူသားအခွင့်အရေးကို လေးစားရေး၊ အထူးသဖြင့် ဆင်းရဲသားများ ပုဂ္ဂိုလ်ထူးများနှင့် စည်းလုံးညီညွတ်ရေး စသည့် မူဝါဒများအပေါ် အခြေခံ၍ အစိုးရအဖွဲ့အစည်းများကြား အဆင့်အမျိုးမျိုးရှိသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးနှင့် အကျိုးတူလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်သားလူ့အဖွဲ့အစည်း၊ ကုလသမဂ္ဂစနစ်များ၊ အခြားပါဝင် ဆောင်ရွက်သူများ၏ အခန်းကဏ္ဍများကိုပါ မြှင့်တင်ရမည်။

(၁၂၇) ၂၀၃၀ စီမံချက်တွင်ပါရှိသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အဒစ်အဘာဘာလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်မည်ဟူသော ကတိကဝတ်ကို ထပ်လောင်း အတည်ပြုပါသည်။

(၁၂၈) မြို့ပြလုပ်ငန်းစဉ်သစ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အကောင်အထည် ဖော်ရာတွင် ကုလသမဂ္ဂ၊ အခြားကုလသမဂ္ဂ စီမံကိန်းများ၊ အေဂျင်စီများနှင့် ဆက်စပ် အဖွဲ့အစည်းများအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ အဓိကအဖွဲ့အစည်းများ၊

အခြားဆက်စပ်အဖွဲ့အစည်းများအပါအဝင် တတ်ကျွမ်းပညာရှင် များနှင့်ပါ လက်တွဲဆောင်ရွက်ရန် UN-Habitat ကို တိုက်တွန်းမည်ဖြစ်သည်။ ဒေသအလိုက်နှင့် အစည်းအဝေးများမှ ရရှိသော အာဘော်များအပါအဝင် Habitat III Conference ၏ ကြိုတင်ပြင်ဆင်ထားသော ဖြစ်စဉ်ရှိ သင်ခန်းစာများကို အခြေတည်၍ ဆောင်ရွက်မည်ဖြစ်သည်။ ဤလုပ်ငန်းတွင် ကမ္ဘာမြို့ပြစီမံကိန်း၊ Habitat III ပါတနာများ၏ အထွေထွေညီလာခံနှင့် ကမ္ဘာလုံးဆိုင်ရာ မြေယာကွန်ရက်များ၏ အဖိုးတန်အကူအညီများကိုလည်း ရယူမည်ဖြစ်သည်။

(၁၂၉) UN-Habitat အား ၄င်း၏လုပ်ငန်းများအားလည်ပတ်ရာတွင် စံသတ်မှတ်ထားသော ဗဟုသုတများဖြင့် တိုးတက် လုပ်ဆောင်ရန် အကြံပြုသည်။ စွမ်းရည်မြင့်မားရေးအတွက် အမျိုးသားအစိုးရ၊ လက်အောက်ခံ အမျိုးသားအစိုးရနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအား ဒီဇိုင်းရေးဆွဲခြင်း၊ စီစဉ်ခြင်း၊ မြို့ပြစဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေး စီမံခန့်ခွဲခြင်း ပြုလုပ်ရာတွင် အထောက်အကူပြုပစ္စည်းများကို ပံ့ပိုးကူညီမည်။

(၁၃၀) မြို့ပြစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား လက်ရှိကျင့်သုံးနေသော မြို့ပြပေါ်လစီနှင့် မဟာဗျူဟာ၏ လမ်းညွှန်ချက်နှင့်အတူ အဆင့်အသီးသီးရှိ ပေါင်းစပ် ဘဏ္ဍာရေး မူဘောင်များဖြင့် ဆောင်ရွက်ပါက အကျိုးများနိုင်သည်။ အကောင်အထည်ဖော်ရေး၏ ဘဏ္ဍာရေးနည်းလမ်းအားလုံးသည် ကောင်းမွန်သော ပေါ်လစီမူဘောင်နှင့် ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ဖြစ်စဉ်များပေါ်တွင် လုံးဝမူတည်လျက်ရှိသည်။ သို့မှသာ အဆင့်အသီးသီး၏ လိုအပ်သောစွမ်းဆောင်ရည်များကို တိုးမြှင့်နိုင်မည်။

(၁၃၁) အစိုးရအဖွဲ့အစည်း အဆင့်အသီးသီးရှိ ဘဏ္ဍာရေးစီမံခန့်ခွဲရေး စွမ်းရည်များ တိုးမြှင့်ခြင်းနှင့် မြို့ပြစီမံကိန်းအတွက် ရန်ပုံငွေထောင်ခြင်း စသည့်လုပ်ငန်းအတွက် context-sensitive ချဉ်းကပ်မှုများအား ထောက်ပံ့ပေးမည်။ နိုင်ငံအသီးသီးသည် ၄င်းတို့၏ ကိုယ်ပိုင်စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတာဝန်ရှိသူများ ဖြစ်သောကြောင့် ၄င်းတို့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ မြို့ပြ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကောင်အထည် ပေါ်လာရန်အတွက် လိုအပ်သော စက်ယန္တရားများနှင့် အထောက်အကူပြု ပစ္စည်းများကိုလည်း ကူညီမည်ဖြစ်သည်။

(၁၃၂) မြို့ပြထူထောင်ခြင်း စီမံကိန်းမှရရှိသော အခွန်ဘဏ္ဍာများနှင့် မြေအောက်သယံဇာတများအား စုဆောင်းကာ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ တိုးပွားလာစေရန် ပြည်သူနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများအား ချဲ့ထွင်မည်ဖြစ်သည်။ တိုင်းပြည်အားလုံးအတွက် ပြည်သူ့ပေါ်လစီ၊ ပြည်တွင်းသယံဇာတများအား အလွယ်တကူ အကျိုးရှိစွာ အသုံးချရေးသည် မြို့ပြစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သစ်ထူထောင်ရေး စီမံကိန်းတို့၏ အဓိက အချက်များဖြစ်သည်။

(၁၃၃) မြို့ပြဧရိယာအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖြေရှင်းရာတွင် စီးပွားရေး လုပ်ငန်းများ၏ တီထွင်ကြံဆမှုများနှင့် အကြံဉာဏ်များကိုလည်း ရယူမည်ဖြစ်သည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အကူအညီ၊ ရင်းနှီးမြှုပ်နှံမှု နှင့် တီထွင်ကြံဆမှုများသည် တိုးတက်ဖွံ့ဖြိုးရေး လမ်းစဉ်၊ အလုံးစုံတိုးတက်ရေးနှင့် အလုပ်အကိုင်ဖန်တီးရေးတို့၏ အဓိက မောင်းတံများပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးစနစ်နှင့်အတူ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု (အထူးသဖြင့် နိုင်ငံခြား တိုက်ရိုက်

ရင်းနှီးမြှုပ်နှံမှု)တို့သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းမှုများတွင် မရှိမဖြစ် လိုအပ်သော အချက်အလက်များဖြစ်သည်။

(၁၃၄) အမျိုးသားရေးမူဝါဒနှင့်အတူ ဝန်ဆောင်မှု အသုံးပြုခပေးခြင်း၊ လုပ်ခလစာများ၊ ပြည်တွင်း အခွန်ပိုင်ဆိုင်မှု၊ ပစ္စည်းမှုပိုင်ခွင့်လိုင်စင် စသည့်တို့မှတစ်ဆင့် ဘဏ္ဍာရေးအခြေခံ အလားအလာများကို ချဲ့ထွင်ရန်နှင့် မှတ်ပုံတင်တို့အတွက် လက်အောက်ခံအမျိုးသား အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့များအား သင့်တင့်လျှောက်ပတ်သော ပေါ်လစီများနှင့် စွမ်းရည်များကို ထောက်ပံ့မည် ဖြစ်သည်။ သို့ရာတွင် အမျိုးသမီး၊ မိန်းကလေး၊ ကလေးသူငယ်၊ လူငယ် လူရွယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ဒေသခံတိုင်းရင်းသားများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အိမ်ထောင်ရှင်မများအား မမျှမတ ထိရောက်မှု မရှိစေရပေ။

(၁၃၅) လုံလောက်မှုရှိပြီး အချိန်မီ ကြိုတင်ခန့်မှန်းနိုင်သော သယံဇာတများ ထောက်ပံ့ပေးနိုင်ရေး၊ အခွန်ဘဏ္ဍာရေး တိုးမြှင့်ရေးနှင့် စရိတ်စကများ စီမံခန့်ခွဲရေးတို့ တိုးတက်လုပ်ဆောင်နိုင်ရန်အတွက် အမျိုးသားအစိုးရမှ လက်အောက်ခံ အမျိုးသားအစိုးရနှင့် ဒေသဆိုင်ရာအစိုးရ၏ လိုအပ်ချက်များ၊ ဦးစားပေးလုပ်ဆောင်ရမည်များ၊ လုပ်ငန်းများ၊ တာဝန်များနှင့် လုပ်ငန်းစွမ်းဆောင်မှုအပေါ် အခြေပြုမက်လုံးများအားအခြေခံကာ ပိုမိုကောင်းမွန်၍ သိသာထင်ရှားသော ဘဏ္ဍာရေး နည်းလမ်းများ ကို ထောက်ပံ့ပေးမည် ဖြစ်သည်။

(၁၃၆) မြို့ပြအချက်အချာ ဧရိယာအတွင်း၊ မြို့ပြနှင့် ကျေးလက်ဧရိယာကြား လက်အောက်ခံ အမျိုးသား အဖွဲ့အစည်း နယ်နိမိတ်တစ်လျှောက် မညီမျှချက်များကို လျှော့ချပေးနိုင်ရန် ဘဏ္ဍာရေး ရင်းမြစ်များအား အလျားလိုက်၊ ဒေါင်လိုက်ပုံစံ (အထက်/အောက်ပုံစံ) ဖြန့်ဖြူးရေး လွှပ်ရှားမှုကို ဖော်ထုတ်ပေးမည်။ ထို့ပြင် မွမ်းမံ/ ထိန်းညှိပုံစံ နယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တိုးမြှင့်လုပ်ဆောင်သွားမည်။ ထို့ကြောင့် သယံဇာတ အသုံးချရေးနှင့် ခွဲဝေပေးခြင်း ပွင့်လင်း မြင်သာရှိမှုကို အဓိကအလေးထားပြီး ရှယ်ယာတန်ဖိုးနှင့် မြေနေရာတိုးတက်ရေးစီမံချက်အတွက် လက်နက်တစ်ခုသဖွယ် အသုံးချသွားမည်။

(၁၃၇) မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ အခြေခံအဆောက်အအုံ စီမံချက်နှင့် ပြည်သူ့ရင်းနှီးမြှုပ်နှံမှု တို့မှ ရရှိလာသော ပိုင်ဆိုင်မှုပစ္စည်းတန်ဖိုးနှင့် မြေနေရာများအား ခွဲဝေရန်နှင့် မြှုပ်နှံမှုတို့မှရရှိလာသော ပိုင်ဆိုင်မှု ပစ္စည်းတန်ဖိုးနှင့် မြေနေရာ များအား ခွဲဝေရန်နှင့် သုံးစွဲရန်အတွက် အကောင်းဆုံးမူဝါဒများ ချမှတ်ပေးမည်။ Gains – Related ဘဏ္ဍာရေးမူး ဝါဒ များကဲ့သို အိမ်ခြံမြေဈေးကစားခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ လက်ဝါးကြီးအုပ်ထားခြင်းတို့မှ ကာကွယ်ရန် တို့ကိုလည်း ဆောင်ရွက် သွားမည် ဖြစ်သည်။ အိမ်ခြံမြေဈေးကွက် တည်ငြိမ်မှုရှိစေခြင်းအပါအဝင် မြို့ပြ စီမံခန့်ခွဲရေး အထောက်အပံ့ ပစ္စည်းများ၊ မြို့ပြစီမံကိန်း၊ ဘဏ္ဍာရေးစနစ်များအကြား ဆက်စပ်မှုကိုလည်း ခိုင်ခံ့စေမည်ဖြစ်သည်။ မြေယာအခြေပြု ဘဏ္ဍာရေးအားထုတ်မှုများသည် ပျက်စီးလွယ်သည်။ မြေယာသုံးစွဲမှုများအဖြစ် ဦးတည်မသွားစေရန် သတိပြု လုပ်ဆောင်မည် ဖြစ်သည်။

(၁၃၈) ဥပဒေပြု ထိန်းချုပ်မှုနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုတို့အပေါ် အခြေခံကာ ပြည်တွင်းရင်းနှီး မြှုပ်နှံမှုနှင့် စီမံကိန်းများအတွက် လိုအပ်ချက်နှင့် အခက်အခဲများကို အကဲဖြတ်ရန် ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်သော အသုံးစရိတ် ထိန်းချုပ်ရေးမူဝါဒများကိုလည်း လက်အောက်ခံ အမျိုးသား


ပရာ့ဂ်၊ ချက်သမ္မတနိုင်ငံ - ၀၀၇ ©

အစိုးရနှင့် ဒေသခံအစိုးရတို့အား ချမှတ်အကောင်အထည်ဖော် ပေးမည်ဖြစ်မည်။ ပွင့်လင်းမြင်သာ၍ သင့်တင့်မျှတသော တင်ဒါခေါ်ယူရေး၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ယန္တရား၊ ယုံကြည်အားထားရသော ဘတ်ဂျက်ထုတ်ယူသုံးစွဲခြင်း၊ တို့ကိုလည်း အားပေးမည်ဖြစ်သည်။ အမျိုးသားရေး ပေါ်လစီနှင့် လျော်ညီစွာ ပြည်သူပိုင် ပစ္စည်းနှင့် မြေနေရာ သုံးစွဲရေး၊ အကျိုးရှိစွာ စီမံခန့်ခွဲရေး၊ တာဝန်ခံနိုင်မှု၊ စာရိတ္တပိုင်းဆိုင်ရာတို့ကို တိုးတက်လုပ်ဆောင်ပေးမည်ဖြစ်သလို အကျင့်ပျက် လာဘ်စား တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်မည် ဖြစ်သည်။

(၁၃၉) ချဲ့ထွင် မြူနီစီပယ်၊ မြီစား ဈေးကွက်နှင့် ပြည်တွင်း ဝါဏိဇ္ဇကြွေးမြီ (ပြန်ဆပ်မည့် အကြွေး) စသော လုံလောက်သော အခွန်ဘဏ္ဍာနှင့် လုပ်နိုင်စွမ်းများ နှင့် စဉ်ဆက်မပြတ် ကြွေးမြီစီမံခန့်ခွဲရေး စသည့်တို့အပေါ် အခြေခံ၍ စဉ်ဆက်မပြတ် အမျိုးသားရေးနှင့် မြူနီစီပယ်ချေးငွေများအတွက် တရားဝင် စည်းမျဉ်းစည်းကမ်း မူဘောင်များ ဖန်တီးမှုကိုလည်း အထောက်အပံ့ပြုမည် ဖြစ်သည်။ ဒေသဆိုင်ရာ၊ အမျိုးသား/ လက်အောက်ခံအမျိုးသား အဖွဲ့အစည်း၊ ပြည်တွင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ (သို့) ဘဏ် (ပြည်သူ၊ ပုဂ္ဂလိက၊ အမျိုးသားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာကို ဖန်တီးပေးနိုင်သည့် အရန်ဘဏ္ဍာငွေ ယန္တရားအပါအဝင်) များအတွက် သင့်လျော်သော ဘဏ္ဍာရေး ကြားခံဆက်သွယ် ပေးသော အဖွဲ့အစည်းများ ထူထောင်ပေးရန်လည်း ထည့်သွင်းစဉ်စားထားသည်။

(၁၄၀) ကျွန်ုပ်တို့အနေဖြင့် သင့်လျော်သက်သာသည့် အိုးအိမ်ဘဏ္ဍာရေးထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် ပံ့ပိုးမည်။ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုဘဏ်များ၊ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာအဖွဲ့အစည်းများ၊ ကော်ပိုရေးရှင်းများ၊ ပုဂ္ဂလိက ငွေချေးသူဘဏ်များနှင့်ရင်းနှီးမြှုပ်နှံသူ များ၊ သမဝါယမများ၊ ငွေချေးသူများနှင့် အခြေခံအိုးအိမ်ပုံစံမျိုးစုံ ရရှိရန်အတွက် ရင်းနှီးမြှုပ်နှံမည့် အသေးစားငွေချေးဘဏ်များစသည့် ဘဏ္ဍာရေးအဖွဲ့အစည်းပေါင်းစုံ ပါဝင်လာစေရန် တိုက်တွန်း အားပေးမည် ဖြစ်သည်။

(၁၄၁) ပြည်သူ့ထောက်ပံ့ငွေများမှ နိုင်ငံတော်နှင့် အခြားသော ပုဂ္ဂလိကကဏ္ဍများမှ လှူဒါန်းငွေများအထိ အမျိုးမျိုးသော ရံပုံငွေရင်းမြစ်များကို အခြေခံ၍ နိုင်ငံတော်အဆင့်ဝန်ဆောင်မှု ရံပုံငွေနှင့် မြို့ပြ-နယ်မြေ သယ်/ပို့ စနစ်အခြေခံ အဆောက်အအုံများကိုတည်ဆောက်နိုင်ရန် စဉ်းစားမည်ဖြစ်သည်။ ထိုအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တာဝန်ခံမှုများကိုလည်း သေချာစေမည်ဖြစ်သည်။

(၁၄၂) နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုဘဏ်များ၊ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ဘဏ်များနှင့် ကော်ပိုရေးရှင်းအေဂျင်စီများကိုဖိတ်ခေါ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံ များရှိ မြို့ပြလုပ်ငန်းစဉ်သစ်အတွက် စီမံကိန်းများနှင့် အစီအစဉ်များကို ဆန်းသစ်သည့် ဘဏ္ဍာရေး ယန္တရားများမှတဆင့် ဘဏ္ဍာငွေပံ့ပိုးနိုင်ရန် တိုက်တွန်းမည်ဖြစ်သည်။

(၁၄၃) သဘောတူထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာမူဘောင်များအရ ပြည်နယ်အစိုးရများနှင့် ဒေသအာဏာပိုင်များ အတွက် လုပ်ဆောင်ချက်များ၊ အစီအစဉ်များ၊ မူဝါဒများ၊ ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေ တန်ပြန်နိုင်ရေးနှင့် လျော့ချနိုင်ရေးဆိုင်ရာ စီမံကိန်းများအတွက် ရင်းမြစ်များကို ရှာဖွေနိုင်ရန် အစိမ်းရောင်ရာသီဥတု ရံပုံငွေအဖွဲ့၊ နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်အဖွဲ့၊ လိုက်လျော ညီထွေပြောင်းလဲရေး ရံပုံငွေအဖွဲ့၊ ရာသီဥတုရင်းနှီးမြှုပ်နှံမှု ရံပုံငွေအဖွဲ့စသည့် နိုင်ငံတကာရံပုံငွေ

အဖွဲ့များနှင့် လက်လှမ်းမီစေရန် ချိတ်ဆက်ပေးမည်။ အုပ်ချုပ်မှုအဆင့်တိုင်းအတွက် လိုအပ်သည့် ဘဏ္ဍာရေးနှင့် ကြွေးမြီဆိုင်ရာရေရှည်ရပ်တည်နိုင်မှုအတွက် မည်သည့်အမျိုးသားမူဘောင်နှင့်မဆို ညီညွတ်သော ဘဏ္ဍာရေးအထောက်အပံ့စည်းမျဉ်းများကို ဖော်ထုတ်နိုင်ရန်၊ သင့်လျော်သည့် ယန္တရားများကိုတည်ဆောက်နိုင်ရန်၊ ရာသီဥတု ဘဏ္ဍာရေး အခြေခံအဆောက်အအုံဆိုင်ရာ ဖြေရှင်းချက်များထုတ်နိုင်ရန် တို့အတွက် သက်ဆိုင်ရာအစိုးရ၊ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

(၁၄၄) ဒေသခံလူထု၏ အိုးအိမ်နှင့်စီးပွားရေးလိုအင်များအတွက် လိုအပ်သည့် မြို့ပြအခြေခံအဆောက်အအုံများ၊ အဆောက်အအုံများနှင့် အခြားသောမြို့ပြဆိုင်ရာ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ အာမခံနှင့် ထပ်ဆင့်အာမခံ အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြို့များနှင့် လူများအခြေချနေထိုင်ရာ ဒေသများတွင်ရှိနေသော ရာသီဥတုနှင့် သဘာဝဘေးဒဏ်များအတွက် သင့်လျော်သည့် ဖြေရှင်းချက်များကို ရှာဖွေဖော်ထုတ်မည်။

(၁၄၅) အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများအတွက်စွန့်စားရမှုများကို လျှော့ချခြင်းများအပါအဝင် မြို့ပြနှင့် နယ်မြေ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကနှင့်အစိုးရ စသည့် ရနိုင်သမျှရင်းမြစ်များမှ သယံဇာတများကို ရွှေ့ပြောင်းဖော်ထုတ်နိုင်ရန် တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့(ODA) ကဲ့သို့သော နိုင်ငံတကာ ပြည်သူ့ဘဏ္ဍာ အဖွဲ့များကို အသုံးပြုမည်။ ပြည်တွင်းသယံဇာတအနည်းငယ်သာရှိသည့် အဆင်းရဲဆုံးနိုင်ငံများနှင့် ဒုက္ခကြုံတွေ့နေရသည့် နိုင်ငံများတွင် ပြည်သူ့သယံဇာတများကို ရွှေ့ပြောင်းရေးဆိုင်ရာ အားထုတ်အကောင်အထည်ဖော်မှုအတွက် နိုင်ငံတကာ ဘဏ္ဍာငွေ၏ အရေးပါမှုကို အသိအမှတ်ပြုသည်။

(၁၄၆) အုပ်ချုပ်မှုအဆင့်တိုင်းနှင့်သက်ဆိုင်ရာအဖွဲ့အစည်းတိုင်းရှိ အပြန်အလှန်လေ့လာမှုများနှင့် မြို့ပြဆိုင်ရာ ဖြေရှင်းချက်များကို ဖလှယ်ခြင်း၊ တိုးတက်ရေးစွမ်းရည်များနှင့် မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှု အတွက် မြောက်-တောင်၊ တောင်-တောင်၊ တြိဂံဒေသနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်နယ်အစိုးရများနှင့် မြို့များကြား အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကိုလည်း ချဲ့ထွင်မည်ဖြစ်သည်။

(၁၄၇) မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့မူဝါဒများကို ချမှတ်၊ ဖော်ဆောင်၊ မြှင့်တင်၊ စီမံ၊ စစ်ဆေး၊ အကဲဖြတ် နိုင်သည့် တစ်ဦးချင်း၊ အဖွဲ့အစည်းအလိုက်နှင့် လူ့အသိုက်အဝန်းအလိုက် စွမ်းရည်များကို ပေါင်းစပ်နိုင်ပြီး အုပ်ချုပ်မှု အဆင့်များနှင့် သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၏ စွမ်းရည်ဆိုင်ရာ ကိစ္စရပ်များကိုပါ ဖြေရှင်းနိုင်သည့် မျက်နှာစာများစွာပါဝင်သော ချဉ်းကပ်မှုအဖြစ် စွမ်းရည်မြှင့်တင်ခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။

(၁၄၈) နိုင်ငံတော်အစိုးရများ၊ ပြည်နယ်နှင့်ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံအစိုးရအဖွဲ့များအနေဖြင့် အမျိုးသမီးများနှင့်မိန်းမငယ်များ၊ လူငယ်များနှင့်ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံလူ့အဖွဲ့အစည်းများ၊ ဒုက္ခသည်များနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် အရပ်ဖက် လူ့အဖွဲ့အစည်းများ၊ ပညာရေးနှင့် သုတေသနအဖွဲ့များနှင့် အဖွဲ့အစည်းနှင့် အစည်းအရုံးဆိုင်ရာ အုပ်ချုပ်မှုဖြစ်စဉ်များတွင် အတူတကွ လက်တွဲပြီး မြို့ပြနှင့် နယ်မြေ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေးကိစ္စရပ်များတွင် ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်နိုင်စေရန် အတွက် စွမ်းရည်မြှင့်တင်ခြင်းများကို ကျွန်ုပ်တို့အနေဖြင့် ပူးပေါင်း ကူညီမည်ဖြစ်သည်။




နိုင်ရိုဘီ၊ ကင်ညာ - Julius Mwelu/UN-Habitat ©

(၁၄၉) ကျွမ်းကျင်ပညာရှင်များ ကွန်ရက်နှင့် သိပ္ပံ-မူဝါဒ ပေါင်းစပ်ကွန်ရက်များ ထူထောင်ပြီး နိုင်ငံတကာအဆင့်၊ ဒေသတွင်းအဆင့်၊ အမျိုးသားအဆင့်နှင့် ပြည်နယ်များအဆင့်စသည်ဖြင့် အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ခြင်း၊ လေ့လာခြင်းနှင့် သက်ဆိုင်ရာနယ်ပယ်များတွင် တွဲဖက် လုပ်ဆောင်ခြင်းများဖြင့် သက်ဆိုင်ရာအစိုးရများ နှင့် ဒေသအာဏာပိုင်အား စွမ်းရည်မြှင့်ခြင်း၊ မြို့ပြဖွံ့ ဖြိုးတိုးတက်မှုမူဝါဒများနှင့် ဦးစားပေးအချက်များနှင့်ပတ်သက်ပြီး အကြံဉာဏ်များ ပေးအပ်ခြင်းစသည့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာအရပ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍများ၊ ကျွမ်းကျင် ပညာရှင်များ၊ ပညာရေးနှင့်သုတေသနအဖွဲ့အစည်းများနှင့်တွဲဖက်ကာ လုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်းအုပ်ချုပ်မှု ဆိုင်ရာအဖွဲ့အစည်းများအား ကျွန်ုပ်တို့အနေဖြင့် ပံ့ပိုးသွားမည်ဖြစ်သည်။

(၁၅၀) (၂၀၃၀) ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် အဒစ်အဘာဘာလုပ်ငန်းအစီအစဉ် တို့တွင် ဖော်ထုတ်ထားသည့် နည်းပညာအထောက်အကူပြုလုပ်ငန်းစဉ်များနှင့် လျော်ညီစွာ ပူးပေါင်းလုပ်ဆောင်ပြီး မြို့ပြရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးအမြတ်များရရှိရန်အတွက် သိပ္ပံနှင့်နည်းပညာ၊ တီထွင်ဆန်းသစ်မှုဆိုင်ရာ ဗဟုသုတများကို ပိုမိုတိုးတက်မျှဝေနိုင်မည့် လိုအပ်ချက် အားဖြည့်ဆည်းနိုင်ရန်အတွက် အထူးဂရုပြုမည်ဖြစ်သည်။

(၁၅၁)အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုတွင် မူတည်သည့်အုပ်ချုပ်မှုအဆင့်တိုင်းအတွက် စွမ်းရည် မြှင့်တင်ရေးစီမံကိန်းများကို တိုးတက်လုပ်ဆောင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ခံနိုင်ရည်မြှင့်ခြင်း များနှင့် လာဘ်စားမှုပပျောက်ရေး လုပ်ငန်းများကို ထည့်သွင်းမည်။ ပွင့်လင်းမြင်သာပြီးလွတ်လပ်သည့် ကြီးကြပ်စစ်ဆေးခြင်းများ၊ စာရင်းအင်း ထိန်းသိမ်းမှုဆိုင်ရာ ပံ့ပိုးမှုများ၊ သတင်းအချက်အလက်အစီရင် ခံခြင်းများ၊ စာရင်းစစ်ခြင်းများနှင့် ကြီးကြပ်စစ်ဆေးသည့် လုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းမည်။ ကာလအလတ်နှင့် ရေရှည်အုပ်ချုပ်ရေးနှင့် နည်းပညာစွမ်းရည်များ တည်ဆောက်နိုင်ရန်အတွက် ရလဒ်အခြေပြုချဉ်းကပ်မှုများကို တိုးတက်ဖော်ထုတ်ရာတွင် ကျား/မ သက်ရွယ်အလိုက် ဘတ်ဂျက်ချမှတ်ခြင်းနှင့် စာရင်းအင်းလုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်စနစ်ပြောင်းခြင်းများကို အထူးဦးစားပေးဆောင်ရွက်ပြီး ပြည်နယ်များနှင့် ဒေသအာဏာပိုင်များ၏ လုပ်ဆောင်ချက်များကို အကဲဖြတ်မည်ဖြစ်သည်။

(၁၅၂) ဒေသအာဏာပိုင်များ၊ တရားဝင်မြေယာအခြေပြုအခွန်နှင့်ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက် အစီအစဉ်များနှင့် ပတ်သက်သည့် စွမ်းဆောင်ရည်မြင့်မားရေးစီမံကိန်းများကို လုပ်ဆောင်မည်ဖြစ်သည်။ မြေယာတန်ဖိုးများကို အရေအတွက် တွက်ချက်ခြင်း၊ ဖြန့်ဝေခြင်းနှင့် မှတ်သားထားခြင်းများဆိုင်ရာ ဥပဒေနှင့် စီးပွားရေးဆိုင်ရာ အခြေခံအချက်များကိုလည်း ဂရုပြုလေ့လာမည်ဖြစ်သည်။

(၁၅၃) မြို့ပြဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များတွင် ပါဝင်လုပ်ဆောင်သူများ၏တွဲဖက်လုပ်ဆောင်ခြင်းများကို တိကျစွာအသုံးချနိုင်စေရန်မြှင့်တင်ဆောင်ရွက်မည်။ ပွင့်လင်းမြင်သာသည့် မူဝါဒများ၊ ဘဏ္ဍာရေးနှင့်အုပ် ချုပ်ရေးဆိုင်ရာ မူဘောင်များနှင့် လုပ်ထုံးလုပ်နည်းများအပြင် အထက်ပါမိတ်ဖက်အစီအစဉ်များအတွက် စီမံကိန်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ချမှတ်မည်။

(၁၅၄) မြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော် မြှင့်တင်ပေးနိုင်သည့် စေတနာ့ဝန်ထမ်းများ၏ စုပေါင်းလုပ်ဆောင်မှုများ၊ မိတ်ဖက်အစီအစဉ်များနှင့် ပေါင်းစည်းခြင်းများ၏ ထိရောက်မှုကိုလည်း

ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ပြည်နယ်အဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများနှင့် သက်ဆိုင်သူများကြား ပူးပေါင်းထုတ်လုပ်ရေး ကွန်ရက်များကို မြှင့်တင်ခြင်းများအပါအဝင် အကောင်းဆုံး အလေ့အထများနှင့် ဆန်းသစ်သည့်ဖြေရှင်းချက်များကိုလည်း အထူးအလေးပေးဖော်ပြမည်။

(၁၅၅) အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရန်၊ တွေ့ဆုံဆွေးနွေးခြင်းများတွင်ပါဝင်ရန် နှင့် လူ့အခွင့်အရေးနှင့်ခွဲခြား ဆက်ဆံမှုဆန့်ကျင်ခြင်းများကို ကာကွယ်နိုင်ရန်အတွက် အမျိုးသမီးများနှင့် မိန်းမငယ်များ၊ ကလေးများနှင့်လူငယ်များ၊ သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများ၊ တိုင်းရင်းသား များနှင့်ဒေသခံအဖွဲ့အစည်းများနှင့် ဒုက္ခသည်များ၏ စွမ်းရည်များ နှင့် ကျွမ်းကျင်မှုများကို ပိုမိုအားကောင်း စေရန်အတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကနဦးလုပ်ဆောင်ချက်များကို လုပ်ဆောင်မည် ဖြစ်သည်။ သို့မှသာ ယင်းတို့အနေဖြင့် မြို့ပြနှင့်နယ်မြေတိုးတက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

(၁၅၆) အမျိုးသမီးများနှင့် မိန်းမငယ်များ၊ ကလေးများနှင့်လူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၊ တိုင်းရင်းသားများနှင့် ဒေသခံအဖွဲ့အစည်းများနှင့် ဒုက္ခသည်များ၏ နိုင်ငံသားအဖြစ် တာဝန်ရှိမှုကို ဖော်ထုတ်ကျင့်သုံးနိုင်ရန် နှင့် တာဝန်ယူမှုရှိသည့်အုပ်ချုပ်မှု၊ ကျွမ်းကျင်ထိရောက်မှု တိုးမြှင့်ခြင်းများအတွက် ယင်းတို့၏ပါဝင်ဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်နိုင်ရန် သတင်းအချက်အလက်နှင့် နည်းပညာများ၊ ဆန်းသစ်သည့်တီထွင်ဖန်တီးမှုများ၊ စွမ်းရည်မြှင့်သင်တန်းများကို ယင်းတို့အတွက် လက်လှမ်းမီစေပြီး မဟာဗျူဟာများနှင့် နိုင်ငံသားဗဟိုပြု ဒစ်ဂျစ်တယ်အုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို တိုးတက် ဖြစ်ထွန်းအောင် ပံ့ပိုး မည်ဖြစ်သည်။ ဂျီအိုင်အက်စ် စနစ်များအပါအဝင် ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် လုပ်ထုံးလုပ်နည်း များသုံးစွဲမှုကိုမြှင့်တင်ပြီး မြို့ပြနှင့် နယ်မြေ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့်ဒီဇိုင်းများ၊ မြေယာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုများ၊ မြို့ပြနှင့်မြို့တော် ဝန်ဆောင်မှုများကို လက်လှမ်းမီမှုများ ဖြစ်ပေါ် တိုးတက်လာစေရန် အားထုတ်မည်ဖြစ်သည်။

(၁၅၇) လူမှုရေး၊ နည်းပညာ၊ ဒစ်ဂျစ်တယ်နှင့် သဘာဝအခြေခံတီထွင်ဖန်တီးမှုများ၊ မြို့ပြနှင့်နယ်မြေ စီမံကိန်း ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းများအတွက်အရေးပါသည့် အားကောင်းသော သိပ္ပံ-မူဝါဒ ပေါင်းစည်းမှုများ၊ အချက်အလက်၊ နည်းပညာ၊ ဗဟုသုတများကို ဖလှယ်ရေး ယန္တရားများ၊ သက်ဆိုင်ရာအုပ်ချုပ်မှု နယ်ပယ်အလိုက်နှင့် အခြေအနေ ပတ်သက်သည့် ဝင်ငွေ၊ ကျား/မ၊ အသက်အရွယ်၊ လူမျိုး၊ တိုင်းရင်းသား၊ ရွှေ့ပြောင်းမှု အခြေအနေ၊ မသန်စွမ်းမှုနှင့် ပထဝီအနေအထားအလိုက်ခွဲခြားပြီး ပထဝီဝင်အခြေပြုကာ လူ့အဖွဲ့အစည်းအလိုက် စုဆောင်းထားသော အရည်အသွေးမြင့် ခိုင်မာသည့် အချက်အလက်များအား စိစစ်ခြင်း၊ စံသတ်မှတ်ခြင်းနှင့် ခွဲဝေခြင်းများ အပါအဝင် သိပ္ပံ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများကို ကျွန်ုပ်တို့အနေဖြင့် ထောက်ပံ့မည်ဖြစ်သည်။

(၁၅၈) ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်သင့်လျော်သည့် အကဲဖြတ်ခြင်းများအတွက်သတင်းပေးနိုင် ရန်နှင့် ရေရှည်မြို့ပြဖွံ့ဖြိုးတိုးတက်မှုမူဝါဒများနှင့်မဟာဗျူဟာများကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများအား ထိရောက်စွာဆန်းစစ်နိုင်ရန်အတွက် အုပ်ချုပ်မှုအဆင့်အလိုက် အချက်အလက်နှင့် ကိန်းဂဏန်းများ ကောက်ယူစုဆောင်းနိုင်စွမ်းကို အားကောင်းအောင်ပြုလုပ်မည် ဖြစ်သည်။ မြို့ပြ လုပ်ငန်းစဉ်သစ်နှင့် နောက်ဆက်တွဲများအား အကောင်အထည်ဖော်နိုင်ရန်အတွက် အချက်အလက်

ကောက်ယူရေးအစီအစဉ်များအား အုပ်ချုပ်မှုအဆင့်အလိုက်ရှိနေသည့် အချက်အလက်ရင်းမြစ်များနှင့် အခြားသတင်းရင်းမြစ်များကို အခြေခံကာ ပွင့်လင်းမြင်သာပြီးခိုင်မာသည့် သက်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောက်ယူစုဆောင်းအကောင်အထည်ဖော်ရမည်ဖြစ်သည်။ မြို့ပြနှင့် လူတို့ အခြေချနေထိုင်ရာနေရာများဆိုင်ရာ လူသားအခြေပြု နိုင်ငံတကာဖွင့်ဆိုချက်များသည် ဤလုပ်ငန်းစဉ် အတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

(၁၅၉) သက်ဆိုင်ရာအုပ်ချုပ်မှုနယ်ပယ်အလိုက်နှင့်အခြေအနေ ပတ်သက်သည့် ဝင်ငွေ၊ ကျား/မ၊ အသက်အရွယ်၊ လူမျိုး၊ တိုင်းရင်းသား၊ ရွှေ့ပြောင်းမှုအခြေအနေ၊ မသန်စွမ်းမှုနှင့် ပထဝီအနေ အထားအလိုက်ခွဲခြားပြီး သန်းခေါင်စာရင်းများ၊ အိမ်ထောင်စုစစ်တမ်းများ၊ လူဦးရေမှတ်ပုံတင်ခြင်းများ၊ လူထုအခြေပြုစစ်ဆေးခြင်းလုပ်ငန်းစဉ်များနှင့် အခြားသော ရင်းမြစ်များအပါအဝင် နိုင်ငံတကာ နှင့် ဒေသတွင်း စုဆောင်းထားသည့်အချက်အလက်များကို အားလုံးသိမြင်အောင် ဖြန့်ဝေပြီး သက်သေခံ အခြေပြုအုပ်ချုပ်ရေးကို မြှင့်တင်ရာတွင်လည်းကောင်း၊ အချက်အလက်များစုဆောင်းခြင်း၊ မြေပုံဆွဲ ခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းများပြုလုပ်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရ နှင့်အုပ်ချုပ်မှု အဆင့် အသီးသီး၏ အခန်းကဏ္ဍနှင့်စွမ်းရည်များကို ကျွန်ုပ်တို့အနေဖြင့် ထောက်ပံ့မည်ဖြစ်သည်။

(၁၆၀) ဂျီအိုင်အက်စနစ်စီမံခန့်ခွဲမှု၊ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာချဉ်းကပ်မှု များ၊ အီလက်ထရွန်နစ် အုပ်ချုပ်ရေးစနစ်များဖြင့် မြို့ပြစီမံခန့်ခွဲမှုနှင့် စီမံကိန်းရေးဆွဲခြင်းနှင့် ပွင့်လင်းမြင်သာမှုများကို မြှင့်တင်နိုင်ရန်အတွက် အစိုးရ အဆင့်အသီးသီးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအတွက် ဗဟုသုတများကို အဆင်ပြေစွာ လွှဲပြောင်းပေးနိုင်သည့် နည်းပညာနှင့် လူမှုရေးလုပ်ဆောင်ချက်များကို သုံးပြီး လွတ်လပ်ပွင့်လင်းကာ သုံးရလွယ်ကူသည့် အချက်အလက်ပလက်ဖောင်းများကို ဖန်တီးမြှင့်တင်နိုင်ရန် ကျွန်ုပ်တို့အနေဖြင့် အားထုတ်မည်ဖြစ်သည်။

# နောက်ဆက်တွဲ လုပ်ဆောင်ချက်များနှင့် သုံးသပ်ချက်များ

(၁၆၁) ပြည်တွင်းအုပ်ချုပ်မှုအဆင့်ဆင့်မှသည် နိုင်ငံတကာအဆင့်ထိအောင် စည်းလုံးဆောင်ရွက် နိုင်သည့် မြို့ပြလုပ်ငန်းစဉ် သစ်ကို နောက်ဆက်တွဲလုပ်ဆောင်နိုင်ရန်နှင့် ပုံမှန်သုံးသပ်နိုင်ရန် ကြိုးစားလုပ်ဆောင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် တိုးတက်မှုလမ်းကြောင်းနှင့် သက်ရောက်မှုများကို ကြီးကြပ်စစ်ဆေးနိုင်မည်၊ ယင်းတို့ကိုလည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုများဖြင့် အချိန်နှင့်တပြေးညီ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

(၁၆၂) မြို့ပြလုပ်ငန်းစဉ်သစ်၏ နောက်ဆက်တွဲလုပ်ဆောင်ချက်နှင့် သုံးသပ်ချက်များကို နိုင်ငံတော်မှ ဦးဆောင်ပြီး ပွင့်လင်းမြင်သာစွာနှင့် အားလုံးတပြေးညီ ပူးပေါင်းဆောင်ရွက်နိုင်အောင် တိုက်တွန်းမည် ဖြစ်သည်။ အုပ်ချုပ်မှုအဆင့် အသီးသီး၏ ပါဝင်ဆောင်ရွက်မှုများကိုလည်း ထည့်သွင်းစဉ်းစားမည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများမှ အဖွဲ့အစည်းများနှင့် အခြားအရေးကြီး သည့်အဖွဲ့ အစည်းများ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အကူအညီကိုလည်း ထပ်မံပေါင်းထည့်မည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် ပါဝင်လုပ်ဆောင်သူများကြား အချင်းချင်း အပြန်အလှန်လေ့လာမှု၊ မြို့ပြနှင့် သက်ဆိုင်သည့် ဖြေရှင်းချက်များကို အပြန်အလှန်ဖလှယ်နိုင်မှု၊ တွဲဖက်လုပ်ဆောင်နိုင်မှုများကို ဖန်တီးနိုင်ရန် ရည်ရွယ်ပြီး ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

(၁၆၃) ဒေသခံအစိုးရများသည် မြို့ပြလုပ်ငန်းစဉ်သစ်၏ နောက်ဆက်တွဲနှင့် အကဲဖြတ်ခြင်းများအတွက် တက်ကြွသည့်မိတ်ဖက်များအဖြစ် အရေးပါကြောင်းကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုမည်ဖြစ်သည်။ သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ သင့်လျော်သည့် ပလက်ဖောင်းများမှတဆင့် အစိုးရများသည် ပြည်နယ်အစိုးရများ၊ ဒေသအာဏာပိုင်များနှင့် နောက်ဆက်တွဲလုပ်ငန်းများနှင့် အကဲဖြတ်ယန္တရားများ ပေါ်ပေါက်လာအောင် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။ သင့်လျော်ရာနေရာများတွင် ယင်းတို့၏ စွမ်းရည် မြင့်မားရေးအတွက် ကျွန်ုပ်တို့အနေဖြင့် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

(၁၆၄) (၂၀၃၀) ရေရှည်ဖွံ့ဖြိုးတက်မှုအစီအစဉ်၏ နောက်ဆက်တွဲလုပ်ငန်းများနှင့် အကဲဖြတ်မှုများကို မြို့ပြလုပ်ငန်းစဉ်သစ်၏ နောက်ဆက်တွဲလုပ်ငန်း၊ အကဲဖြတ်မှုများနှင့် ချိတ်ဆက်ပြီး အကောင်အထည် ဖော် ဆောင်ရွက်ရမည်။

(၁၆၅) ကုလသမဂ္ဂအခြားအဖွဲ့အစည်းများနှင့်အညီကုလသမဂ္ဂလူများအခြေချနေထိုင်မှုအစီအစဉ်(UN-Habitat)၏လုပ်ပိုင်ခွင့်အာဏာအတွင်း ယင်း၏အရေးပါမှုနှင့်အခန်းကဏ္ဍကို မြို့ပြရေရှည်ဖြစ်ထွန်းမှုနှင့် လူများအခြေချနေထိုင်ရာနေရာများ တိုးတက်မှုဆိုင်ရာ အဓိကအချက်အနေဖြင့် ကျွန်ုပ်တို့က ထပ်မံ အတည်ပြုပါသည်။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးလျော့ချမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ကြား ဆက်စပ်မှုကိုလည်း အသိအမှတ် ပြုပါသည်။

(၁၆၆) သက်ဆိုင်ရာနိုင်ငံများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ သဘောဆန္ဒအလျောက် ပါဝင်မှုများဖြင့် မြို့ပြလုပ်ငန်းစဉ်သစ်၏ ပထမ(၄)နှစ်ကာလ တိုးတက်အကောင်အထည် ဖော်မှုများကို အစီရင်ခံနိုင်စေရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်ကို ပန်ကြားနိုင်ရန် အထွေထွေညီလာခံ ကိုလည်း ဖိတ်ခေါ်ထားပါသည်။ ပထမဆုံးအစီရင်ခံစာကို (၇၂)ကြိမ်မြောက်အစည်းအဝေးတွင် တင်သွင်းရန် ဖြစ်သည်။

(၁၆၇) မြို့ပြဖြစ်ထွန်းမှုနှင့် လူများအခြေချနေထိုင်မှုတို့နှင့် သက်ဆိုင်သောနိုင်ငံတကာက သဘောတူညီ ထားသည့် ပန်းတိုင်များနှင့် ရည်မှန်းချက်များ၊ မြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော် တိုးတက်မှု များအား အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ စိစစ်လေ့လာချက်များကိုလည်း ဤအစီရင်ခံစာက ထုတ်ပြန်မည်ဖြစ်သည်။ စိစစ်လေ့လာချက်ကို နိုင်ငံတော်အစိုးရများ၊ အာဏာပိုင်များ၊ UN-Habitat နှင့် အခြားကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော်ခြင်းနှင့်သက် ဆိုင်သူများ၏ လုပ်ဆောင်ချက်များနှင့် UN-Habitat အုပ်ချုပ်မှုကောင်စီ၏ အစီရင်ခံစာများပေါ်တွင် အခြေခံမည်ဖြစ်သည်။ ဤအစီရင်ခံစာကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလုပ်ဆောင်မည် ဖြစ်သည်။ UN-Habitat က စီစဉ်သည့် ကမ္ဘာ့မြို့ပြဖိုရမ်ကဲ့သို့သော လုပ်ငန်းစဉ်များနှင့် တည်ဆဲပလက်ဖောင်းများ အပေါ်တွင်လည်း အခြေခံတည်ဆောက်မည်ဖြစ်သည်။ အုပ်ချုပ်ရေးအဆင့်အသီးသီး၏ အခြေအနေများ၊ တရားဥပဒေများ၊ စွမ်းဆောင်ရည်များ၊ လိုအပ် ချက်များ နှင့် ဦးစားပေးအချက်များကိုလည်း ဤအစီရင်ခံစာအနေဖြင့် တုန့်ပြန်မည်ဖြစ်ပြီး တခါသာ ထုတ်ပြန်မည် ဖြစ်သည်။

(၁၆၈) ဤအစီရင်ခံစာကို UN-Habitat က ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သော်လည်း ကုလသမဂ္ဂ အဖွဲ့အစည်းအားလုံးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများကိုလည်း ပါဝင်လုပ်ဆောင် စေမည် ဖြစ်သည်။ စီးပွားရေးနှင့်လူမှုရေးကောင်စီမှတဆင့် ဤအစီရင်ခံစာကို အထွေထွေညီလာခံသို့ တင်သွင်းမည်ဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ (၂၀၃၀)လုပ်ငန်းစဉ်၏ နောက်ဆက်တွဲနှင့် အကဲဖြတ်ချက်များနှင့် တပြေးညီဖြစ်စေရန်၊ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ပေါင်းစည်းနိုင်ရန်တို့အတွက် အထွေထွေညီလာခံက ကမကထပြုပြီး ဤအစီရင်ခံစာကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့် နိုင်ငံရေးဖိုရမ်သို့ တင်သွင်းမည်ဖြစ်သည်။

(၁၆၉) ကမ္ဘာ့မြို့ပြအခြေချနေထိုင်မှုနေ့နှင့် ကမ္ဘာ့မြို့တော်များနေ့စသည့် လက်ရှိအခွင့်အလမ်းများ နှင့် အခွင့်အလမ်းသစ်များကိုသုံးပြီးအရပ်ဖက်လူ့အဖွဲ့အစည်းများ၊နိုင်ငံသားများနှင့်အခြားသက်ဆိုင်သူများ မှ အကူအညီများရယူကာ မြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် မိတ်ဖက် အစီအစဉ်များ၊ ပံ့ပိုးမှုများ၊ ပညာရေးအစီအစဉ် များမှတဆင့် ရွှေ့ပြောင်းရေးဆိုင်ရာအားထုတ်မှုများ ကို ပိုမိုအားကောင်းစေရန် ဆက်လက်လုပ်ဆောင်မည် ဖြစ်သည်။ ပြည်တွင်းနှင့်ဒေသတွင်းအစိုးရများ ဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် ကိုယ်စားပြုတက်ရောက်လာသည့်ပြည်နယ်များ၊ ဒေသအာဏာပိုင်များနှင့် လက်ရှိမြို့ပြလုပ်ငန်းစဉ်သစ်၏နောက်ဆက်တွဲနှင့် အကဲဖြတ်ခြင်းများအား ဆက်လက်လုပ်ဆောင်ခြင်း ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုပါသည်။

(၁၇၀) အထွေထွေညီလာခံဆုံးဖြတ်ချက်များဖြစ်သည့် A/RES/51/177၊ A/RES/56/206၊ A/RES/67/216၊ A/RES/68/239၊ A/RES/69/226 တို့ကို ကျွန်ုပ်တို့အနေဖြင့် ထပ်မံအတည်ပြုပါသည်။ UN-Habitat နိုင်ရိုဘီ ရုံးချုပ်၏အရေးပါမှုကိုလည်း ထပ်မံအတည်ပြုအပ်ပါသည်။

(၁၇၁) ကုလသမဂ္ဂအခြားအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြို့ပြလုပ်ငန်းစဉ်သစ်၏ နောက်ဆက်တွဲနှင့် အကဲဖြတ်မှုများကို အကောင်အထည်ဖော်ခြင်းအပါအဝင် မြို့ပြနှင့်လူတို့အခြေချနေထိုင်ရာ ဒေသများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဓိကအချက်အနေဖြင့် ကုလသမဂ္ဂစနစ်များအတွင်း UN-Habitat ၏ အရေးပါမှုကို ကျွန်ုပ်တို့အနေဖြင့် အလေးထားဖော်ပြပါသည်။

(၁၇၂) UN-Habitat ထိရောက်မှုကို မြှင့်တင်ရန်အတွက် မြို့ပြလုပ်ငန်းစဉ်သစ်ကို သုံးသပ်ပြီး(၇၁) ကြိမ်မြောက်အစည်းအဝေးတွင် UN-Habitat၏အမှီအခိုကင်းပြီးသက်သေခံအခြေပြုသည့်စစ်ဆေးချက် ကို အထွေထွေညီလာခံသို့ တင်ပြရန် အထွေထွေအတွင်းရေးမှူးချုပ်အား ပန်ကြားထားပါသည်။ ဤအစီရင်ခံစာသည် UN-Habitat ၏ ကြီးကြပ်မှုများ၊ တာဝန်ယူ၊ တာဝန်ခံမှုများနှင့်ဆိုင်သည့် အကြံပြုချက်များပါဝင်သော အစီရင်ခံစာဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် UN-Habitat ၏ စံသတ်မှတ်ချက်နှင့် လုပ်ဆောင်ချက်ဆိုင်ရာအခွင့်အာဏာ၊ အုပ်ချုပ်မှုကောင်စီ၏ အသင်းဝင်ဖြစ်မှုတွင် အားလုံးပါဝင်နိုင်ရေးအတွက် ထည့်သွင်းစဉ်းစားထားသည့် ပိုမိုထိရောက်ပြီး ပွင့်လင်းမြင်သာသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ UN-Habitat ၏ အုပ်ချုပ်မှုဖွဲ့စည်းပုံ၊ ပါဝင်ဆောင်ရွက်သူတိုင်း အင်အားပြည့် လုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရ အဆင့်အသီးသီးနှင့် ပါဝင်လုပ်ဆောင်သူများနှင့် UN-Habitat ကြား ပူးပေါင်းလုပ်ဆောင်ချက်၏ ဘဏ္ဍာရေးစွမ်းရည်တို့ကို စိစစ်လေ့လာမည်ဖြစ်သည်။

(၁၇၃) (၇၁)ကြိမ်မြောက်အစည်းအဝေးတွင် အထွေထွေညီလာခံဥက္ကဋ္ဌက ဦးဆောင်မည့် အထွေထွေညီလာခံဆိုင်ရာ အဆင့်မြင့်အစည်းအဝေးကို နှစ်ရက်ကြာကျင်းပနိုင်ရန်နှင့် ယင်းအစည်းအဝေးတွင် မြို့ပြလုပ်ငန်းစဉ်သစ်ကို အကောင်အထည်ဖော်ခြင်းနှင့် UN-Habitat ၏ရပ်တည်မှုဆိုင်ရာထိရောက်မှုများကို ဆွေးနွေးနိုင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ယင်းအစည်းအဝေးတွင် အစီရင်ခံစာတွင်ပါဝင်သည့် အကောင်းဆုံးအလေ့အထများ၊ အောင်မြင်မှုမှတ်တမ်းများနှင့် အခြားအချက်များကို ဆွေးနွေးမည်ဖြစ်သည်။ သဘာပတိ၏အစည်းအဝေးဆိုင်ရာ အကျဉ်းချုပ်တင်ပြချက်သည် လာမည့် (၇၂)ကြိမ်မြောက်အစည်းအဝေးတွင် UN-Habitat ၏လုပ်ဆောင်ချက်များဆိုင်ရာ ဒုတိယကော်မတီအတွက် စဉ်းစားရန် အချက်အလက်များဖြစ်လာမည်ဖြစ်သည်။ အခြေချနေထိုင်မှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကောင်စီသို့ အထွေထွေအတွင်းရေးမှူးချုပ် ၏ အစီရင်ခံစာနေရာတွင် ဤအစီရင်ခံစာက အစားထိုးလာမည်ဖြစ်သည်။ ဤအစီရင်ခံစာသည် သက်ဆိုင်ရာအစီအစဉ်များအတွက် ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အထွေထွေညီလာခံက အထွေထွေအတွင်းရေးမှူးချုပ်ထံ တောင်းခံသည့် အစီရင်ခံစာ၏အစိတ်အပိုင်းတစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။ လွှတ်လပ်စွာစစ်ဆေးချက်များမှရရှိလာသည့် အကြံပြုချက်များသည်လည်း နှစ်စဉ်ဆုံးဖြတ်ချက်များတွင် သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ပါဝင်လာမည်ဖြစ်သည်။

(၁၇၄) မြို့ပြလုပ်ငန်းစဉ်သစ်၏တိုးတက်မှုများအတွက် နိုင်ငံရေးဆိုင်ရာ ကတိကဝတ်မှုဘောင်အတွင်း အိုးအိမ်နှင့်မြို့ပြ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကုလသမဂ္ဂစတုတ္ထအကြိမ်မြောက်ညီလာခံကို ကျင်းပရန် အထွေထွေညီလာခံအား ကျွန်ုပ်တို့ တိုက်တွန်းမည်ဖြစ်သည်။

(၁၇၅) မြို့ပြလုပ်ငန်းစဉ်သစ်ကို စတင်အကောင်အထည်ဖော်သည်မှအစပြု၍ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် တိုးတက်မှုများကိုတင်ပြရန်နှင့် ဆက်လက်လုပ်ဆောင်ရမည့်အဆင့်များကို ဆုံးဖြတ်နိုင်ရန်အတွက် (၂၀၂၆)တွင် အပိုဒ်ရေ(၁၆၆) နှင့်အထက်ရှိ စာပိုဒ်များနှင့်အညီ တင်ပြရမည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ လေးနှစ်တစ်ကြိမ် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ရန် ကျွန်ုပ်တို့အနေဖြင့် ပန်ကြားမည်ဖြစ်သည်။



HABITAT III

QUITO 17-20 OCTOBER 2016

United Nations Conference on Housing and Sustainable Urban Development

United Nations

**www.habitat3.org**

#NewUrbanAgenda #Habitat3